# MANUAL

OF THE

# MORE DEADLY FORMS

OF

# CATTLE DISEASE

1911

---

၁၉၁၁ ခုနှစ်။

အများအားဖြင့်သေကြေပျက်စီးတတ်သည့်ကျွဲနွားရောဂါ
လက်စွဲစာအုပ်။

RANGOON
OFFICE OF THE SUPERINTENDENT, GOVT. PRINTING, BURMA
1914

[Price,—4 annas.]

GPC
636.28
.........
412011

GPC 636.28 / 412011

# MANUAL

OF THE

# MORE DEADLY FORMS

OF

# CATTLE DISEASE

1911

၁၉၁၁ ခုနှစ်။

အများအားဖြင့်သေကြေပျက်စီးတတ်သည့်ကျွဲနွားရောဂါ
လက်စွဲစာအုပ်။

SOAS LIBRARY

RANGOON
OFFICE OF THE SUPERINTENDENT, GOVERNMENT PRINTING, BURMA
1914

16/5/74

SCHOOL OF ORIENTAL & AFRICAN STUDIES
LONDON

# မာတိကာ။

စာမျက်နှာနံပါတ်။

နိဒါန်း။


| | | | |
|---|---|---|---|
| အခန်း | ၁။ | ။ဤကျွန်းများတွင်ကူးတတ်သည့်အနာရောဂါမကျ မရောက်ရအောင်ထားဆီးကာကွယ်နည်းအကြောင်း။ ... | ၁—၇။ |
| အခန်း | ၂။ | ။ကျောက်ပေါက်ရောဂါအကြောင်း။ ... | ၈—၁၂။ |
| အခန်း | ၃။ | ။ကျောနာခွါနာအကြောင်း။ ... ... | ၁၃—၁၆။ |
| အခန်း | ၄။ | ။လည်ချောင်းကွဲနာအကြောင်း။ ... ... | ၁၇—၁၉။ |
| အခန်း | ၅။ | ။ဒေါင်းသန်းနာအကြောင်း။ ... ... | ၂၀—၂၃။ |
| အခန်း | ၆။ | ။ကြိုတ်နာအကြောင်း။ ... ... | ၂၄—၂၆။ |
| အခန်း | ၇။ | ။ဝမ်းရောင်ရောဂါအကြောင်း။ ... ... | ၂၇—၂၈။ |
| အခန်း | ၈။ | ။ဝမ်းကျရောဂါအကြောင်း။ ... ... | ၂၉—၃၀။ |
| အခန်း | ၉။ | ။ချောင်းဆိုးနာအကြောင်း။ ... ... | ၃၁—၃၂။ |
| အခန်း | ၁၀။ | ။အဆိပ်တက်နာအကြောင်း။ ... ... | ၃၃—၃၄။ |
| အခန်း | ၁၁။ | ။ဆေးနည်းများအကြောင်း။ ... ... | ၃၅—၄၂။ |

## နိဒါန်း။

ကြက်ငှက်များကိုကောင်းမွန်စွာကြည့်ရှုကျွေးမွေးထားလျှင်။ ကျန်းမာစွာနေ၍ရောဂါကင်းတတ်သည်။အစာရေစာကိုမသင့်မလျော်အလွန်အကျူးကျွေးမွေးလျှင်ဖြစ်စေ။ အစာကိုလုံ လောက်အောင် မကျွေးဘဲ။ အငတ်ထားလျှင်ဖြစ်စေ။ အနာရောဂါကျရောက်မကျန်းမမာဖြစ်တတ်သည်။

ယခုလက်စွဲစာအုပ်တွင်ရည်ညွှန်းဖော်ပြသည့် အနာရောဂါများမှာ။များသောအားဖြင့် မကျမရောက်ရအောင်။ တားဆီး၍ရနိုင်သောအနာရောဂါမျိုးများဖြစ်သည်။ ဖော်ပြပါရှိသည့်နည်းနာနိသျများအတိုင်း။ ကျနသေချာစွာ လိုက်နာလျှင်လည်း။ ကြက်ငှက်မွေးရှင်တို့မှာ။ ကျရောက်သည့်အနာရောဂါနှင့်အသေအပျောက်အလျှင်း မရှိရအောင်။ တားဆီးကွယ်ကာခြင်းငှါ မတတ်နိုင်သော်လည်း။ အသေ အပျောက်နည်းအောင်တတ်နိုင်ကြလိမ့်မည်။

အချို့အနာရောဂါများမှာကူး၍ကျရောက်ဖြစ်ပွါးသောအနာရောဂါများဖြစ်သော်လည်း။ အချို့မှာကြည့်ရှု ထိန်းကျောင်းကျွေးမွေးခြင်းမကောင်းသည့်အတွက်သက်သက်ဖြစ်သည်။

အနာရောဂါအများဖြစ်ရင်းအကြောင်းများကို ဖော်ပြထားသည့်ဖြင့်။ များသောအားဖြင့်။ ၎င်းအကြောင်း များမှာလည်း မဖြစ်မပွါးရအောင်။တားဆီးကာကွယ်နိုင်သောအကြောင်းများဖြစ်၍။ကြက်ငှက်များတွင်။၎င်းအနာရောဂါမျိုးတစုံတရာကျရောက်လျှင်။ ၎င်းကြက်ငှက်မွေးရှင်တို့အပေါ်တွင်အများအားဖြင့်ပြစ်ဝန်တင်ရန်ရှိသည်ဟူ၍ယူဆထိုက်သည်။

ကြက်ငှက်မွေးမြူရာတွင်အရေးကြီးသောအချက်မှာ။မိုးခေါင်။ရေကြီး။ကြက်ငှက်ရောဂါကျရောက်သည့်အခါကာလများတွင်စားရန်မြက်ခြောက်။ကောက်ရိုးများကို သိုလှောင်ထား ရခြင်းဖြစ်သည်။ ဤသို့သောအခါကာလများအတွက်ကြက်ငှက်မွေးရှင်တို့မှာ။ကြက်ငှက်များစားရန်အစာရေစာအလုံအလောက်ဖြစ်စေ။ ပိုမို၍ဖြစ်စေ။ အမြဲသိုလှောင် ထားသင့်ကြသည်။ သည့်ပြင်ပါးလည်း ထင်းကုပ်များကို ကောင်းမွန်စွာလုပ်ကိုင်၍ အိမ်တွင်ကောင်းစွာကျွေးမွေးထားလျှင် အနာမကျမရောက် လွတ်ကင်းရှိရာသည်။

အချို့ရာသီဥတုများတွင်လည်း။နေပူခြင်း။ မိုးသည်းထန်စွာရွာခြင်းမှကင်းလွတ်ရန်သော်၎င်း။အေးသောညဥ့်များတွင် အကွယ်အကာရရန်သော်၎င်း။တင်းကုပ်စသည်တို့အတွင်းထားရန်လိုသည်။

ကျွဲနွားများမှာမိုးသည်းထန်စွာရွာသွန်းသည့်အခါ။မိုးရေခံ၍နေရလျှင်ဖြစ်စေ။ရေအိုင်ရာဝပ်ရာမြေပေါ်တွင်ထားလျှင်ဖြစ်စေ၊ နေ့လယ်အခါနေအလွန်ပူပြင်းသည်မှ၎င်း။ ညဥ့်အခါ အလွန်ချမ်းအေးသည်မှ၎င်း။အကွယ်အကာမရလျှင်ဖြစ်စေ။ကျန်းမာလျက်မနေနိုင်။မရှိနိုင် ရာ။

ကျွဲနွားတင်းကုပ်မှာ။ပတ်လည်မြေမှကောင်းစွာမြင့်သောအခင်းရှိစေရမည်ပြင်။ရေလည်းကောင်းစွာ စီးဆင်းနိုင်စေရမည်။နေမပူမိုးမစို။ညဥ့်အခါ လေအေးလည်း မတိုက် နိုင်အောင် ကောင်းစွာ မိုးကာ ရမည်။

ပြူတင်းပေါက်များမှကောင်းစွာအလင်းကိုရစေရမည်။တံခါးပေါက်များမှာလည်း။ဝင်လွယ်ထွက်လွယ်ဖြစ်စေရမည်။လေဝင်လေထွက်မှာ။အောက်ကလေကောင်းလေသန့်ဝင်၍။အထက်ကမကောင်းသောလေများထွက်နိုင်ရန်ဖြစ်စေရမည်။

တင်းကုပ်နှင့်တကွပတ်လည်ရှိမြေရာကိုသန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ထားရမည်။ ကျွဲနွားတို့စွန့်ပစ်သည့် ကျင်ကြီး ကျင်ငယ်များကိုလည်းမှန်မှန်ယူ၍ပစ်ရမည်။

အချို့ကျွဲနွားများမှာ၊ ရေကောင်းရေသန့်ကို မရနိုင်၍။ မကောင်းသောရေကိုပင်သောက်ကြရသည်။သည့်ကဲ့သို့ အကြည့်အရှုညံ့လျှင်။မှချအားဖြင့်မကြာမကြာအနာကျရောက်တတ်သည်။

# အများအားဖြင့်သေကြေပျက်စီးတတ်သည့်
# ကျွဲနွားရောဂါလက်စွဲစာအုပ်။

---

## အခန်း ၁။

---

အိန္ဒိယနိုင်ငံတော်အတွင်းကျွဲနွားများတွင်။ကျရောက်တတ်သည့်ကူးတတ်သောအနာရောဂါများနှင့်။ ၎င်းတို့တွင်ကူးတတ်သောအနာရောဂါတစုံတရာ ကျရောက်သည့်အခါ။ အမြဲအားဖြင့် ချက်ခြင်းလိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများအကြောင်း။

**ကူးတတ်သောအနာရောဂါများအမည်။**

ကူးတတ်သောအနာရောဂါများအနက်။အထူးဖြစ်သောအနာရောဂါများမှာ။

(၁) ကျောက်ပေါက်ရောဂါ။
(၂) လျှာနာခွါနာ။
(၃) လည်ချောင်းကွဲနာ။
(၄) ဒေါင်းသန်းနာ။
(၅) ကြိတ်နာ။

များဖြစ်သည်။

**လည်ချောင်းကွဲနာ။ ဒေါင်းသန်းနာ။ ကြိတ်နာ။**

လည်ချောင်းကွဲနာ။ဒေါင်းသန်းနာ။ ကြိတ်နာများမှာ။ အနာတမျိုးနှင့်တမျိုးတူသည့်အရာများစွာရှိသည်။ ၎င်းအနာရောဂါမျိုးများဖြစ်ခဲ့လျှင် ကြာကြာမခံ။ ၁ ရက်က ၄ ရက်အတွင်းသေမြဲဖြစ်သည်။

**လျှာနာခွါနာ။**

လျှာနာ ခွါနာသည်။ အလွန်ကူးတတ်သောအနာဖြစ်သော်လည်း။ သေကြေပျက်စီးခဲသော အနာဖြစ်သည်။ သတိဝီရိယနှင့်ကောင်းစွာကုသလျှင်။ ဖြစ်ပွါးသည့်ကျွဲနွားကောင်ရေ ၁၀၀ တွင်။တကောင်ထက်ပို၍မသေ။

**အဆုတ်နာ။**

အဆုတ်နာသည်။ အလွန်ကူးတတ်သောရောဂါ ဖြစ်သော်လည်း။ သည်ကဲ့သို့ကူးတတ်ကြောင်းကို ကျွဲနွားရှင်တို့များစွာမသိကြ။ အနာရောဂါ ကျရောက်သည့်အခါ။မသိမသာတဖြည်းဖြည်းကျရောက်တတ်သည်။

ကျွဲနွားများမှာပိန်ချုံးလျက်။ တလကာသုံးလကျော်တိုင်အောင်ပင်။မသေဘဲခံတတ်သည်။

**ကူးတတ်သည့်အရေးပျံ့နှံ့ခြင်းအကြောင်း။**

ဆိုခဲ့သည့်အနာရောဂါမျိုးများသည်။ မျိုးတူတိရစ္ဆာန်တကောင်မှ တကောင်သို့တိုက်ရိုက်ကူးသည်သာ မဟုတ်။ အနာရောဂါကျရောက်သည့် ကျွဲနွားရှိရာက။ ကျန်းမာလျက်ရှိသည့်ကျွဲနွားရှိရာသို့။ ထိန်းကျောင်းသူတို့။သွားရောက်ခြင်းဖြင့်သော်၎င်း။အနာရောဂါကျရောက်

သည့်ကျွဲနွားများအနီးအနားသို့ရောက်ပြီး။အစာရေစာများတွင်ဆေ့ာ်ငင်း။ကူးတတ်သည့်အရာပါတတ်သည်။

အနာရောဂါကျရောက်သည့်ကျွဲနွားများကိုထားရာတင်းကုပ်။ မြေရာများတွင်လည်း။မျက်ရည်။မျက်ချေး။တံတွေး။သရည်။နှပ်။ကျင်ကြီး။ကျင်ငယ်များမှ။ငင်းလျှာနာခွါနာဖြစ်လျှင်ခြေဖျားများက ထွက်သည့် အရာများနှင့်။တံတွေး။သရည်များမှငင်းပါသည့် ကူးတတ်သည့်အရာများ။စွန်းထိကပ်ပြီလျှက်ရှိတတ်သည်။

ကျောက်ပေါက်ရောဂါသည်။ ယဉ်သည်ဖြစ်စေ။ရိုင်းသည်ဖြစ်စေ။ စားမြုံ့ပြန်တတ်သော အရပ်ရပ်တိရစ္ဆာန်မျိုးများတွင်ကျရောက်တတ် သော်လည်း။နွားတို့ရစ္ဆာန် မျိုးများတွင် အများဆုံး ကျရောက်တတ်သည်။

စားမြုံ့ပြန်သည့်တိရစ္ဆာန် ဆဲ ရပ် ရပ် တွင်။ ကျောက်ပေါက် ရောဂါ ကျ ရောက်တတ်ခြင်းအကြောင်း။

လည်းချောင်းကွဲနာမှာ။ ကျွဲများတွင် အများဆုံး ကျရောက်တတ်သော်လည်း။အခြားကျွဲနွားတိရစ္ဆာန်မျိုးများတွင်လည်း မကြာမကြာကျရောက်တတ်သည်။

လျှာနာခွါနာသည်ကြက်များနှင့်တကွအခြားတိရစ္ဆာန်မျိုးအများတွင်ကျရောက်တတ်သည်။ လျှာနာ ခွါနာကျရောက်သည့် နွားမများကနို့ကို သောက်သဖြင့်။ လူများ ပါးစပ်တွင် အဖူးအပိမ့် ပေါက်ကြောင်းသိရှိရကြလေသည်။

လျှာနာခွါနာ။ဒေါင်းသန်းနာမှာ။လူများသို့လည်း။ ကူးတတ်ခြင်းအကြောင်း။

ဒေါင်းသန်းနာသည်။ လူများနှင့်တကွအရပ်ရပ်တိရစ္ဆာန်များတွင်ကျရောက်တတ်သည်။ ဒေါင်းသန်းနာနှင့်သေသော တိရစ္ဆာန်အသေကောင်ကိုကိုင်တွယ်ထိပါးခြင်းမှာ။ အန္တရာယ်ဖြစ်တတ်သောကြောင့် အထူးသတိထားသင့်ကြသည်။

အထူးသဖြင့်ကျောက်ပေါက်ရောဂါ။ လျှာနာခွါနာနှင့်။ ဆိုခဲ့သည့် အရပ်ရပ်အနာရောဂါမျိုးများသည်။မြန်မာနိုင်ငံတော်အတွင်း။အနည်းအများအစဉ်မပြတ်ကျရောက်နေ၍။ အကယ်၍မကျရောက်သေးသော်လည်း။ကျရောက်လာတတ်သည်ဖြစ်၍။မကျမရောက်စေရအောင်။လတ်ရှိကျွဲနွားများတွင်ကျရောက်ခဲ့လျှင်လည်း။ အပုတ်သဖြင့် အနာရောဂါမပျံ့မပွါးစေရအောင်အစဉ်မပြတ်သတိပြုရမည်။

ကျွဲနွားများကို ထိန်းကျောင်းရသူတို့မှာ။ အောက်ပါနည်းဥပဒေများကို ကျနစွာလိုက်နာရမည်။

ထောင်ပြရန်ထားသည့် နည်းဥပဒေများအကြောင်း။

ကျွဲနွားများကို အခြားအရပ်သို့ ရွှေ့ပြောင်းသည့် အခါ၊ မည်သို့ပြုလုပ်ရခြင်း အကြောင်း။

၂။ ။ကျွဲနွားများကို၊ တရပ်မှတရပ်သို့ ဆောင်ယူသွားသည့်အခါ ခရီးလမ်းကြား၊ အခြားကျွဲနွားများနှင့် ရောနှောမရှိစေရ၊ စရပ်များတွင်အနာကျရောက်သည့်ကျွဲနွားများရှိနေဆဲဖြစ်၍ သော်၎င်း၊ မကြာမီက ရှိနေဘူးခြင်းကြောင့် သော်၎င်း၊ အနာရောဂါစွန်းထိလျက်ရှိတတ်သည်ဖြစ်၍၊ ၎င်းစရပ်များတွင်သော်၎င်း၊ စရပ်များအနီးအနားတွင်သော်၎င်း၊ ညဥ့်အချိန်၌မည်သည့်အခါမျှမထားရ၊ နေ့အခါအေးသည့်အချိန်တွင်သွားလာစေရမည်၊ ၎င်းအချက်ကို ပူသောရာသီဥတုတွင်၊ အထူးဂရုပြုရမည်။ သွားလာစေသည့်အခါ်လည်း၊ ၂၄-နာရီအတွင်း၊ ၁၀ မိုင် ၁၂ မိုင်ထက်ပို၍ မသွားမလာစေရ၊ အစာရေစာကိုလည်းမကြာမကြာတိုက်ကျွေးရမည်။

ဝယ်စ ကျွဲနွားများကို ရှိရင်းကျွဲနွားတိရစ္ဆာန်များနှင့် ခွဲခြားထားရန်အကြောင်း။

၃။ ။ဈေးတွင်ဖြစ်စေ၊ အခြားအရပ်တွင် ဖြစ်စေ၊ ကျွဲနွားများကို ဝယ်ယူ၍၊ ဝယ်ယူသူ၏ အိမ်ရာသို့ဆောင်ယူရောက်ရှိသည့်အခါ၊ ၎င်းတို့ချည်း၊ သီးခြားထားရမည်၊ စားကျက်တွင်ဖြစ်စေ၊ ရေတိုက်သည့်အချိန်တွင်ဖြစ်စေ၊ အခြားမည်သည့် အချိန်တွင်မဆိုဖြစ်စေ၊ အိမ်ရာ၌၊ ရှိရင်းကျွဲနွားများနှင့် ရောနှောမရှိစေရ၊ ကူးတတ်သောရောဂါ ပါသည်မပါသည်ကို ထင်ရှားစေခြင်းငှါ၊ ၎င်းတို့ကို အနည်းဆုံးတလ၊ နှစ်လ၊ သုံးလထိ၎င်းတို့ချည်း သီးခြားထားရမည်။ (နည်းဥပဒေ၂၀ ကို ကြည့်။)

ဝယ်စကျွဲနွားကိုဆိုခဲ့သည့် အချိန်ကာလအတွင်း၊ နံ့နက်ညနေ သေချာစွာကြည့်ရှုစစ်ဆေးရမည်၊ အထက်ဖော်ပြပါရှိသည့် အနာရောဂါမျိုးတစုံတရာ၎င်းတို့တွင်၊ ကျရောက်ရှိလျှင်လည်း၊ ကျရောက်သည့်ကျွဲနွားများကိုအသီးအခြားခွဲခြားထားပြီးလျှင်၊ ကျန်ကျွဲနွားများကို၊ အနည်းငယ်မျှစီ၊ အုပ်ကလေးများပြုလုပ်၍၊ တအုပ်နှင့်တအုပ် အတော်ကွာစီ၊ ချည်တိုင်တွင်ချည်ထားရမည်၊ သုံးလကုန်လွန်သည့်အခါ၊ ၎င်းကျွဲနွားများတွင်အနာရောဂါမကျမရောက်လျှင်၊ ၎င်းတို့အခြားကျွဲနွားများနှင့်အတူထား၍စားကျက်လည်းချနိုင်သည်။

ဒီစတြိတ်နယ် တနယ် မှ တနယ်သို့ ရွှေ့ပြောင်းသည့် ကျွဲနွားများမှာ၊ အနာရောဂါ ကျ ရောက် တတ် ခြင်း အကြောင်း။

၄။ ။ကျွဲနွားများကိုဒိစတြိတ်နယ်တနယ်မှတနယ်သို့ရွှေ့ပြောင်းသွားလာစေသည့်အခါ၊ ကူးတတ်သည့်အရာနှင့်ထိပါးနိုင်ရန်ရှိသဖြင့်၊ အနာရောဂါ ကျရောက်တတ်ခြင်းကြောင့်၊ အိမ်သို့ဆိုက်ရောက်သည့်အခါ၊ ၎င်းတို့ကို သေချာစွာကြည့်ရှုစစ်

ဆေးရမည်။ အနာရောဂါကျရောက်ရာ။ ဗိစတြိတ်နယ်ကိုဖြတ်သန်း၍လာရလျှင်လည်း။ ၎င်းတို့ချည်း သီးခြား အတော်ကြာ ထားရမည်။ (နည်းဥပဒေ ၂၀ ကိုကြည့်။)

**ကူး တတ် သော အနာရောဂါကျရောက်သည့်အခါ အကြောင်း။**

၅။ ။ကူးတတ်သောအနာရောဂါသော်၎င်း။၎င်းအနာရောဂါမျိုးဖြစ်ကြောင်းထင်မှတ်ရန် ရှိသည့်။ အနာရောဂါသော်၎င်း။ ကျွဲနွားများတွင် ဖြစ်စေ။ သိုးများတွင်ဖြစ်စေ။ကျရောက်သည့်အခါ။အနာရောဂါ ကျရောက်သည့် တိရစ္ဆာန် များကို။ ကျန်းမာလျက်ရှိသည့်တိရစ္ဆာန်များနှင့် ခွဲခြားထားရန်မှာ။ရှေးဦးစွာဆောင်ရွက်ရန်အထူးအမှုဝတ်တရားဖြစ်သည်။

**အနာကျရောက်သောတိရစ္ဆာန်များကို ရွှေ့ ပြောင်းခြင်းအကြောင်း။**

၆။ ။အရပ်ရပ်တိရစ္ဆာန်များကိုသေချာစွာ ကြည့်ရှုစစ်ဆေးပြီးနောက်။ အနာရောဂါ ကျရောက်သည့် လက္ခဏာပေါ်ပေါက်သည့်။ မည်သည့် တိရစ္ဆာန်ကိုမဆို။ အနည်းငယ်မျှပင် ပေါ်ပေါက်သော်လည်းဆေးရုံသို့ပို့ရမည်။

**ကျန်းမာလျက်ရှိသည့်တိရစ္ဆာန်များကို အုပ် များ ခွဲခြားခြင်းအကြောင်း။**

၇။ ။ကျန်းမာလျက် ရှိသည့် ကျွဲနွား များကို နေရာဆံ့ဝင်နိုင်သလောက်ကောင်းရေနည်းနိုင်သမျှနည်းအောင်။ အုပ်အများခွဲ၍။အုပ်ရှိကျွဲနွားများကို။ အနာရောဂါကျရောက်သည့်ကျွဲနွားများရှိရာ။ လေညာတွင်တအုပ်နှင့်တအုပ်။ အတော်ကွာစီချည်တိုင်တွင် ချည်ထားရမည်။အုပ်အသီးသီးကို မကြာမကြာ သွားရောက်ကြည့်ရှု စစ်ဆေးပြီးနောက်။အနည်းငယ်မျှပင်။ နာသော်လည်း။သို့နာသည့်ကျွဲနွားကိုချက်ခြင်းရွှေ့ပြောင်းရမည်။ ၎င်းနည်းလမ်းအတိုင်း။ မှန်မှန်လိုက်နာဆောင်ရွက်လျှင်။နေ့ရက်အနည်းငယ်အတွင်း။ တအုပ် နှစ်အုပ်တွင်သာ။ အနာရောဂါဖြစ်ပွါးလျက်ရှိသည်ကို။တွေ့မြင်ရမည့်ပြင်။အနာရောဂါဖြစ်ပွါးလာသည့်တိရစ္ဆာန်များကိုဆေးရုံသို့ချက်ခြင်းပို့လျှင်လည်း။ကျွဲနွားအုပ်ကြီးသို့ကူးရောက်မရှိရန်။ ၎င်းအနာရောဂါကို အလျှင်အမြန် ပပျောက်စေနိုင်လိမ့်မည်။အုပ်အသီးသီးကို။၎င်းတို့ချည်းထားပြီးနောက်။ သို့မဟုတ် အုပ်မှနောက်ဆုံးအနာကျရောက်သည့်ကျွဲနွားကို။ ဖယ်ရှားပြီးနောက်။အုပ်အသီးသီးကို။ အခြားကျွဲနွားများနှင့်။ သုံးလခွဲထားရမည်။(နည်းဥပဒေ ၂၀ ကိုကြည့်။)

၈။ ။အနာရောဂါကျရောက်သည့်ကျွဲနွားများထားရန်ဆေးရုံကိုဝင်းခြံခိုင်လုံစွာ။ ကာရံ၍ အသီးခြားထားရမည်။ ထိန်းကျောင်းသူများနှင့် အနာရောဂါကျရောက်သည့် ကျွဲနွားများကို ၎င်းသီးခြားနေရာကထွက်ခွါခွင့်မပြုရ။ အစားအသောက်။ အစာရေစာများကို။ ထိန်းကျောင်းသူများနှင့်။ ကျွဲနွားများအတွက် ယူနိုင်သော်လည်း။ အစာရေစာ ကျွဲနွားအိပ်ရာ။ အဝတ်အထည်မှစ၍။ အခြား မည်သည့်အရာကိုမျှ ဆေးရုံမှမထုတ်မယူရ။ ကျန်းမာလျက်ရှိသည့်။ကျွဲနွားများရှိရာနေရာများသို့ခွေးများတွင်။ ကူးတတ်သည့်အရာပါလာတတ်သဖြင့်။ခွေးများကိုဆေးရုံသို့ဝင်ထွက်ခွင့်မပြုရ။

အနာကျရောက်သည့်တိရစ္ဆာန်များ အတွက် ဆေး ရုံ ထို သီး ခြား ထား ရန် အကြောင်း။

၉။ ။ဆေးရုံရှိကျွဲနွားအိပ်ရာ မြက်ခြောက် ကောက်ရိုးစ သည်များကိုဆေးရုံမြေအတွင်း။မီးတိုက်ရှို့ရမည်။ ကျင်ကြီး အစိုများနှင့် ကျင်ငယ် စသည်များကိုတင်းကုပ်များမှမကြာမကြာရွှေ့ယူပြီးလျှင် ဆေးရုံ ဥပစာအတွင်းတွင်။တူး၍မြှုပ်ရမည်။ ၎င်းတွင်းများကို။ခေါက်အနက် ၆ ပေ။ ၆ ပေကျော်တူး၍။ဆေးရုံရှိကျွဲနွားအိပ်ရာအစိုများ။ ကျင်ကြီးစသည်များကို အထက်မြေမျက်နှာပြင်နှင့်။ နှစ်ပေကွာနေရာထိအောင်။ လောင်းထည့်ပြီးလျှင်၎င်းနေရာတွင်မပေါက်ထုံးနှင့်။သန့်သောမြေများကိုပြည့်အောင်ဖို့ရမည်။

ကျွဲ နွား အိပ်ရာ မြက် ခြောက် ကောက်ရိုး စသည် များ ကို မီး ရှို့ ခြင်း အ ကြောင်း။

၁၀။ ။ဆေးရုံရှိတင်းကုပ်များ။ ထရံအကာအရံ စသည်များနှင့် မြေပြင်ကို။ မကြာ မကြာ လှည်းကျင်း ဆေးကြော၍။ သေချာစွာ သုတ်သင်ရှင်းလင်းပြီးလျှင်။ ထိုသုတ်သင်ရှင်းလင်းသည့်အခါတိုင်း မက္ကဒေါက် ဂေါတော်၏ အနာ ရောဂါ မကူးနိုင်သည့်။ ဆေးမှုန့်။ သို့မဟုတ်အနာရောဂါမကူးနိုင်သည့်အခြားဆေးမှုန့်သို့မဟုတ်ထုံးမှုန့်။သို့မဟုတ်ပြာ။ သို့မဟုတ် မြေခြောက်ကိုပင်။ အခင်းနှင့်မြေပေါ်တွင်များစွာဖြူးရမည်။ သစ်သားထည်များနှင့်ထရံအကာအရံများကို ရေးဦးစွာဆေးကြောပြီးနောက်။ ထုံးဖြူသုတ်လိမ်းရမည်။

ဆေးရုံရှိတင်းကုပ်များ။ သစ်သားထည် စသည်များ ကို သုတ်သင် ဆေး ကြော ခြင်း။အနာရောဂါ မကူးနိုင် အောင် ပြု လုပ် ခြင်း အ ကြောင်း။

၁၁။ ။ဆေးရုံတွင် လေဝင်လေထွက်ကောင်းစွာရအောင် ပြုလုပ်ထားရမည်။ဆေးရုံအဆောက်အဦးအတွင်း နေ့စဉ်။တနာရီခန့်။ကာန့်ငွေ့ပေးရမည်။သို့ကာန့်ငွေ့ပေးစဉ်အခါ။တံခါးများပြူတင်းပေါက်များကိုပိတ်၍။လေဝင် လေထွက် ရရန်အပေါက်များကိုသာ။ အချို့တဝက်ဖွင့်ထားရမည်။

ဆေးရုံတွင် လေဝင်လေထွက်နှင့် အခိုးပေးခြင်း အ ကြောင်း။

ယင်များ ထွက်ပြေး စေရန်ကျွဲနွားအိပ်ရာများကိုမီးရှို့ရာကမီးခိုးအကြောင်း။

၁၂။ ။ယင်များပေါများ၍။ ကျွဲနွားများကိုအနှောက်အယှက်ဖြစ်စေသည့်။ ရာသီဥတု များတွင်။ ဆေးရုံ အုပ်ဆောက်အုဦး၏ လေညာကတံခါးပေါက်နှင့်တည့်တည့်တွင်။ ကျွဲနွားအိပ်ရာ လိုလေ့ရှိ စွာမပြတ်မီးရှို့ထားခြင်းသည်။ကောင်းသောအရာဖြစ်သည်။ ယင်များသည်များသောအားဖြင့်။အနာရောဂါကို။ပျံ့နှံ့စေတတ်သောအကောင်မျိုးဖြစ်သည်။

အနာ ကျရောက် သောတိရစ္ဆာန် များကို သန့်ရှင်းစင် ကြယ်စွာ ထား၍ ဝမ်းပြေ စေတတ် သော အစာကို ကျွေး မွေး ရ ခြင်း အကြောင်း။

၁၃။ ။အနာကျရောက်သော။ ကျွဲနွားများကို သတိဝိရိယ ပြု၍ သန့်ရှင်းစင်ကြယ်အောင်ထားပြီးလျှင်။ ထန်းကစီရည်ကြဲကြဲကြို၍။တိုက်ရမည့်ပြင်။ မြက်စိမ်းမြက်စိုကိုလည်းကျွေးရမည်။ မာခြောက်သောအစာကို စားသော ကျွဲနွားများသည်။ ဝမ်းပျော့တတ်သောအစာကို။ စားသော ကျွဲနွားများထက်သာ၍။ ပြင်းထန်စွာအနာကျရောက်တတ်သောကြောင့်။ ကျန်းမာလျက်ရှိသော ကျွဲနွား များကိုလည်း။ နူးညံ့၍ ဝမ်းပျော့တတ်သောအစာကို။ကျွေးမွေးထားရမည်။

အနာ ရော ဂါပျောက် ကင်းသော ကျွဲနွားများ အကြောင်း။

၁၄။ ။ကျွဲနွားများတွင်။ ဆိုခဲ့သည့်ကူးတတ်သော အနာရောဂါမျိုးများကျ ရောက်သည့်အခါ။ သို့အနာရောဂါကျရောက်ရှိရာ။တိရစ္ဆာန်စုတွင်နောက်ဆုံးကျရောက်ပြီးနောက်။သုံးလမကျော်လွန်မီအတွင်း၊ ၎င်းတို့ကိုအနာမကျမရောက်သော။တိရစ္ဆာန်အုပ်များနှင့်။ အတူစားကျက်ချခွင့်သော်၎င်း။အတူထားခွင့်သော်၎င်းမပြုရ။(နည်းဥပဒေ ၂၀ ကိုကြည့်။)

အနာရောဂါပျောက်ကင်းစတိရစ္ဆာန်များကို။ ရေချိုးပေးခြင်း။ အနာရောဂါမကူးနိုင်အောင်ပြု လုပ် ခြင်း အကြောင်း။

၁၅။ ။အနာရောဂါပျောက်ကင်းသော ကျွဲနွားများကို။ ဆေးရုံကမခွဲမီ။ ဆပ်ပြာ။ ရေနွေးနှင့် ကောင်းစွာရေချိုးပေးရမည်။ ကာဘောလစ်ဆီကို ရနိုင်လျှင်လည်း။ ရေနွေး တဂါလံလျှင် ကာဘောလစ်ဆီပိုင်ဂလပ် နှင့်တခုကျ၊ရေနွေးတွင်၎င်းကာဘောလစ်ဆီကိုရောစပ်ရမည်။

ထိရစ္ဆာန်အသေကောင်များကို။ စီမံ ခန့်ခွဲ ခြင်း အကြောင်း။

၁၆။ ။ကူးတတ်သော အနာရောဂါကျရောက်၍။ သေသောကျွဲနွား အသေကောင်များကို။ တတ်နိုင်သည့်အခါတိုင်း။ သေရာအရပ်တွင် အကုန် အစင်မီးတိုက်ရှို့ရမည်။ထင်းမရှိ၍မီးမရှို့နိုင်လျှင်။မြေမြှုပ်၍အနည်းဆုံးလေးပေမြေဖို့ရမည်။

သား ရေ ကိုဖျက် ဆီးရခြင်းအကြောင်း။

၁၇။ ။ကူးတတ်သော အနာရောဂါကျရောက်၍။ သေသော ကျွဲနွားများကသားရေကို။ ကျွဲနွားအသေကောင်များနှင့် အတူဖျက်ဆီးလိုက်ရမည်။ မြေမြှုပ်သည့်အချက်တွင်။မြေမတူးမီ။ ကြိုး။သားရေများကို။ ထားနှင့်ခုတ်ဖြွင်းလျှင်ကောင်းသည်။

တင်းကုပ် များကို ဆေးကြောခြင်း။ အနာရောဂါမကူးနိုင်အောင်။ ပြုလုပ်ခြင်းအကြောင်း။

၁၈။ ။ကူးတတ်သော အနာရောဂါ ကျရောက်သည့် ကျွဲနွားများထားရာတင်းကုပ် များနှင့်မြေရာလပ် များရှိအပေါ် ယံမြေ လွှာကိုယူ၍။ မြှုပ်ပစ် ရမည်။ အောက်ထပ်မြေကိုကောင်းစွာတူးလှန်၍ မြေသစ်ဖို့ရမည်။ အုတ်ကျောက် အခင်းများကို တိုက်ချွတ်ဆေးကြော၍။မဖေါက်ထိုး။ကာအောလစ်ဆီများ နှင့်။ အနာရောဂါမကူးနိုင်အောင်ပြုလုပ်ရမည်။

ကကြိုး တန်ဆာ ပလာများကို။ အနာရောဂါ မကူးနိုင်အောင်။ ပြုလုပ်ခြင်း အကြောင်း။

၁၉။ ။ကူးတတ်သောအနာ ရောဂါကျရောက်သည့် ကျွဲနွားများနှင့်အသုံးပြုသည့် လှည်းသံများ။ ကကြိုးတန်ဆာပလာ။ကုန်းနှီးစသည်များကို။ဆေးကြောဖွပ်လျှော်၍။အနာရောဂါ မကူးနိုင်အောင်ပြုလုပ်ရမည်။ ကုန်တင် ကုံးစသည်များက အခံအနှီးများကို။ထုတ်ယူမီးတိုက်ရှို့ရမည်။

ကျောက်ပေါက် ရောဂါ။ လျှာနာ။ခွါနာစသည့်တို့ကူးနိုင်သည့်ကာလ အပိုင်းအခြားများအကြောင်း။

၂၀။ ။ကျောက်ပေါက် ရောဂါ။ လည်ချောင်းကွဲနာ။ ကြိတ်နာ။ဒေါင်းသန်းနာ။လျှာနာ။ခွါနာများကူးနိုင်သည့်ကာလအပိုင်း အခြားများမှာ။ ၎င်းအနာရောဂါ အရပ်ရပ်ပင်–၂၈–ရက်စီချည်းဖြစ်၍။၎င်းအနာရောဂါမျိုးများကူး တတ်သည့်အရာနှင့်နီးစပ်လျက်ရှိသည်ထင်မှတ်သော တိရစ္ဆာန်များကို။သီးခြားထားသင့်သောအချိန်ကာလကို။တလသတ်မှတ်ထားသည်။

ကျေးရွာတွင်။ ကူးတတ်သောအနာဖြစ်ရှိကာလ။ ကျွဲနွားရှင်တို့ကား တိုက်သူကြီး ရွာသူကြီးတို့ထံ။ချက်ခြင်းတိုင်ကြား။ တိုက်သူကြီး ရွာသူကြီးတို့ကလည်း။ ထုံးစံအတိုင်း ဆိုင်ရာအစိုးရမင်းထံ။ အစီရင်ခံရမည်။ နာသောကျွဲနွားများနှင့်အတူနေ ကျွဲနွားများကိုလည်း။ အထက်ကဖေါ်ပြရေးသားခဲ့သော။တားဆီးကွယ်ကာခြင်းနည်းလမ်းများ အတိုင်း။ဘာသာဝေမှမလွဲအောင်။ လိုက်နာလုပ်ကိုင် ကြစေရန်။ ရွာသူကြီးတိုက်သူကြီးတို့က။ကြည့်ရှုစီမံဆောင်ရွက်ရမည်။

## အခန်း ၂။

## ကျောက်ပေါက်ရောဂါအကြောင်း။

*ထာသာခေါ်အမည်များအကြောင်း။*

အမည်များ။ ။ကွတ်နာ။ကဏ္ဍာနာ။မိုးကျနာ။ကာလနာ။သွေးသွန်ဝမ်းကျနာဟူ၍လည်း ခေါ်သည်။အိန္ဒိယနိုင်ငံတော်တွင်။အခြား အမည်အများ အား ဖြင့်လည်းခေါ်တွင်သည်။

*စည်သည့်ရောဂါမျိုးဖြစ်ခြင်းအကြောင်း။*

ရောဂါအမျိုး။ ။ကျောက်ပေါက်ရောဂါသည်။ တုံဖျား်ရောဂါမျိုးဖြစ်သော။ ကူးတတ်သော ရောဂါတမျိုး ဖြစ်သည်။ ၎င်းကူး တတ်သော ရောဂါ မျိုးများတွင်။အကူးလွယ်ဆုံးရောဂါတမျိုးလည်းဖြစ်သည်။သွေးများ။အကြောသေး အကြောမြှင်များတွင်။ အဆိပ်တမျိုးရှိခြင်းကိုလိုက်၍ ဖြစ်တတ်သည်။ဤရောဂါမျိုးကျရောက်လျှင်။အမြဲ အားဖြင့်စတုတ္ထအစာအိမ်နှင့်အူများအတွင်းချွတ်ယွင်းသည့်အရာမချရှိရမည်။

*ရောဂါကူး နိုင်သည့်ကာလ အ ပိုင်း အ ခြား အ ကြောင်း။*

ကူးတတ်သည့်အရာနှင့်နီးစပ်ထိပါးရှိနေပြီးနောက်။ တိရစ္ဆာန်တစုံတရာတွင်။ ၎င်းရောဂါ လက္ခဏာ ထင်ရှား မပေါ်မထွက်မီ။ကုန်လွန်ရမည့်အချိန်ကာလမှာ။သုံးရက်ကခုနစ်ရက်ထိဖြစ်သည်။

*ရောဂါလက္ခဏာများအကြောင်း။*

ရောဂါလက္ခဏာများ။ ။ပဌမပေါ်ထွက်သည့်လက္ခဏာမှာ။ကိုယ်ပူခြင်းဖြစ်၍။အပူတိုင်း။တန်ဆာပြဒါးတိုင်နှင့်စမ်းသပ် ကြည့်ရှုနိုင်သည်။ သာမန်ကြည့်ရှုသူတို့သိသာနိုင်သည့်လက္ခဏာများကို။သုံးဆင့်ခွဲခြားထားနိုင်သည်။

*ပဌမဆင့်လက္ခဏာအကြောင်း။*

ပဌမဆင့်လက္ခဏာများမှာ။လေးလံ့ထိုင်းမှိုင်းခြင်း။တုံ၍တက်ခြင်း။အမွေး ထောင်ခြင်း။ ခံတွင်းပူခြင်း။ ခံတွင်းသား ဖူးရောင် ခြင်း။ အသံဘိုတို့နှင့် ချောင်းခြောက်ဆိုးခြင်း။ နှာရှုက်ကုဘ်ခြင်း။ အများအားဖြင့် ဝမ်းချုပ်ခြင်း။ ကျင်ကြီးတွင်အကျိအချွဲမြွေး အုပ်လျက်ပါခြင်း။ အနည်း ငယ်ခံတွင်းပျက်ခြင်း။ ကြောမကြာရေငတ်ခြင်း။ အထူးသဖြင့်ကျော။ပခုံး။ တင်ပါးများနှင့်တကွ။ တကိုယ်လုံးတွန့်၍ အကြောဆွဲခြင်း။ ကျောကုန်းခြင်း။ခြေလေးချောင်းစုခြင်း။စားမြုံ့မှန်စွာမပြန် လေးခြင်း။သွားကျိတ်ခြင်း။သန်းခြင်း။ ကျောရိုးနာခြင်း။သွေးထခြင်းများဖြစ်သည်။

ဒုတိယဆင့် လက္ခဏာ အကြောင်း။

ဒုတိယဆင့်လက္ခဏာများမှာ။ခံတွင်း။နားရွက်။ဦးချို။ခြေလက်များနှင့်။အခြားနေရာများတွင်။ တခါတရံပူ၍။တခါတရံအေးပြီးလျှင်။ အပူအအေး မညီခြင်း။ အသက်ရှူများစွာမြန်ခြင်း။ ခံတွင်းပျက်ခြင်း။ စားမြုံ့မပြန်ဘဲနေခြင်း။ မျက်ရည်မျက်ချေး အနည်းငယ်ထွက်ခြင်း။ ကျောရိုးတို့၌ နာခြင်း။ တုံးလုံးလှည်းခြင်း။ ဦးခေါင်းဘေးသို့လှည့်ခြင်း။ ကိုယ်ပူတိုးခြင်း။ရေတိုး၍ငတ်ခြင်း။အစာရေစာကောင်းစွာမမျိုနိုင်ခြင်း။အကြောဆွဲသည့်အရောသာ၍ထင်ရှားခြင်း။သွေးအလွန်ခုံသော်လည်းသွေးခုံမမှန်ခြင်း။ကောင်းစွာမလှုပ်မရှားနိုင်ခြင်း။ သွားဖုံး။ ပါးစောင်။လျှာစသည်တို့၌ အလွန်နီခြင်း။ လျှာထူခြင်း။ ဝမ်းများစွာချုပ်ခြင်း။ စမြင်းတုံးကလေးများတွင်။ အကျိအချွဲများ။သွေးများမြွေးအုပ်လျက်ပါခြင်း။ စအိုနှင့်လိင်ဝအလွန်နီခြင်း။သွေးခြောက်ခြင်း။ စအိုဆို့ခြင်း။စအိုနှင့်လိင်ဝအရှုပြင်သို့တွဲ၍ထွက်ခြင်းများဖြစ်သည်။

တတိယ ဆင့် လက္ခဏာ အကြောင်း။

တတိယဆင့်လက္ခဏာများမှာမျက်လုံး။နှာခေါင်း။ပါးစပ်များမှအလွန်စေးသော အကျိ အချွဲများစွာ ယိုထွက်ခြင်း။ပါးစပ်အလွန်နံခြင်း။ သွားဖုံး။နှုတ်ခမ်းစပ်။ပါးစောင်။အောက်မေးအတွင်းသား။အာခေါင်။လျှာ။တခါတရံနှာခေါင်းအတွင်းနှင့်မျက်ခမ်းများမှ။အနည်းအများအနာဖေးဝါကလေးများနှင့်အရေကွာခြင်း။ရှေ့သွားကျွတ်ခြင်း။ ၎င်းနောက်ဝမ်းစ၍သွားခြင်း။ ရှေးဦးစွာမာသောစမြင်းတုံးကလေးများတွင်။သွေး။ အကျိအချွဲ။အမြှုပ်များမြွေးအုပ်လျက်သွားပြီးမှ။အကျိအချွဲ။သွေးပိုတ်အထပ်အလွှာများနှင့်အလွန်နံစော်သောဝမ်းအရည်သက်သက်သွားခြင်း။ရံခါရံခါအရေအတွင်းဖေါရောင်ခြင်း။ တိုး၍တုံးလုံးလှည်းနေခြင်း။ရေဆက်ခါဆက်ခါငတ်၍နေသော်လည်း။ အမျိုရတိုး၍ကျ်ခြင်း။ချောင်းဆိုး၍လာခြင်း။ အရေ။ဦးချို။ နားရွက်။ ခြေလက်။ ခံတွင်းများအေးခြင်း။ ဖိုးရှိသောနွားမများဖြစ်လျှင်။များသောအားဖြင့်ဖီးလျှောခြင်း။ တုံးလုံးလှည်းပြီးနောက်ထကြွရန် အားမရှိခြင်း။ ညည်းတွားခြင်း။အသက်ရှုကြပ်ခြင်း။အော်ခြင်း။သွေးဝမ်းပိတ်ဝမ်းလည်းအလိုလျောက်ယိုထွက်ခြင်း။ သွေးစမ်း၍မသိသာခြင်းများဖြင်သည်။ သေသည့်အခါနှစ်ရက်အတွင်း။ခြောက်ရက်အတွင်းအများအားဖြင့်သေတတ်သည်။ တခါတရံလည်း။ပါးပျဉ်း။နို့အုံ။ပေါင်ခြံ။ပခုံး။ နံရိုးများတွင်အဖုအပိမ့်ပေါ်တတ်သည်။သို့သော်လည်း။၎င်းအဖုအပိမ့်သည်။ဝင်စစ်ပေါ်ထွက်

မြဲရောဂါလက္ခဏာမဟုတ်။ ပေါ်ပြန်လျှင်လည်း။ပူသောရာသီဥတုတွင် အနှာရောဂါကျရောက်သောတိရစ္ဆာန်များတွင်။ အများအားဖြင့် ပေါ်တတ်သည်။၎င်းအဖုအပိမ့်မျိုးများစွာပေါ်သည့်အခါ။ဝမ်းကျခြင်းလက္ခဏာပေါ်ခဲ့ပြီးလျှင်။ များသောအားဖြင့် ကျန်းမာလာတတ်သည်ဖြစ်၍။ ၎င်းအဖုအပိမ့်မျိုးပေါ်သည်ကို။ကောင်းသော လက္ခဏာဟုထင်မှတ်ရမည်။အဖုအပိမ့်မပေါ်ဘဲ။ဝမ်းကျခြင်းလက္ခဏာပြင်းထန်စွာဆက်လက်၍ပေါ်သည့်အခါ။များသောအားဖြင့်သေတတ်သည်။

ကျောက် ပေါက်ရောဂါ။ ကျောက်ဝမ်း ကျနာ ရောဂါနှင့် စပ်လျဉ်း၍။ အထင်အထူအကြောင်း။

၎င်းရောဂါကိုကျောက်ရောဂါတမျိုးဖြစ်သည်ဟု။တွဲနွားရှင်အချို့တို့ကထင်မှတ်ခြင်းမှာမလွဲ။အဖုအပိမ့်ပေါ်သည့်အခါ။၎င်းရောဂါကို၎င်းတို့က ကျောက်ပေါက်ရောဂါခေါ်ကြသည်။ သွေ့ဝမ်း ငိတ်ဝမ်းသွားအောင်။အစာအိမ်နှင့် အူမများအတွင်းတွင် အနာအားကြီးသည့်အခါ။ကျောက်ဝမ်းကျနာခေါ်ကြသည်။အချို့တွဲနွားများမှာ။အထူးသဖြင့်အပြင်းအထန်အနာကျရောက်သည့်အခါမှာနံဝင်၍။သွေးရူးသွေးတန်းဖြစ်လျက်တိုးဝှေ့ပြီးနောက်။တိမ်းလည်းမှေ့လျော့၍သေတတ်သည်။

ထူးခြားသော ရောဂါ လက္ခဏာများအကြောင်း။

အထူးခြားဆုံးသောလက္ခဏာများမှာ။မျက်လုံး။နှာခေါင်း။ပါးစပ်များမှဖြစ်၍သောမျက်ချေး။နှပ်။ သရည်များထွက်ခြင်း။ သွားဖုံးနှင့်ခံတွင်းက အရေကွာခြင်း။အနာပေါက်ခြင်း။ပိတ်ဝမ်းကျခြင်း။အဖုအပိမ့်ပေါ်သည့်အခါ။အရေပေါ်ခြင်းများဖြစ်သည်။၎င်းလက္ခဏာများသည်။မချပေါ် မြဲမဟုတ်သော်လည်း။အချို့မှာအစဉ်ပေါ်မြဲဖြစ်သည်။

မည်မျှကြာ ရောဂါ ဖြစ်ခြင်းအကြောင်း။

မည်မျှကြာရောဂါဖြစ်ခြင်း။ ။၎င်း ရောဂါမှာ။ ၂၄ နာရီက ၁၂ ရက်။၁၆ ရက်ထိကြာအောင်ဖြစ်တတ်သည်။ သို့သော်လည်း။ များသောအားဖြင့် ၃ ရက်က–၉–ရက်ထိကြာအောင်ဖြစ်တတ်သည်။

ဆေးထိုးခြင်းအကြောင်း။

ကျောက်ပေါက်ရောဂါသည်။မကျမရောက်ရအောင်ဆေးထိုးရန်စီမံထားရှိပြီးရောဂါဖြစ်သည်။ဆေးထိုးလျှင်ရောဂါမကျမရောက်။ ရောဂါ ကျရောက်သောတိရစ္ဆာန်များနှင့်ရောနှောထားသော်လည်း။ စိုးရိမ်ရန်မရှိဖြစ်၍။အထူးအကျိုးရှိသဖြင့်ဆေးထိုးရန်အစဉ်အမြဲသင့်သည်။ကျောက်ပေါက်ရောဂါမကျမရောက်ရန်။ဆေးထိုးနည်းအများရှိသော်လည်း။အများအသုံး

ပြုသည့်နည်းလမ်းမှာ။ ဆေးထိုးခံရသည့်တိရစ္ဆာန်များတွင်တစုံတရာမဖြစ်။ဆေးထိုးသည့်နေရာတွင်။အနည်းငယ်ဖူးရောင်သည်မှတပါးလည်း။ ဖျားခြင်းလက္ခဏာ။ အခြားလက္ခဏာ တစုံတရာမပေါ်မထွက်။ ဆေးထိုးထားသောတိရစ္ဆာန်များကို။မခိုင်းမစေဘဲထားရန်မလို။ဇိုးနှင့်နွားမများပင်ဖြစ်သော်လည်း။ ဇိုးလျှောမည့်ကိုမစိုးရိမ်ရဘဲ ဆေးထိုး နိုင်သည်။ ဆေးတန်ခိုးသည် အလွန် ကြာမြင့်စွာ မခံသော်လည်း။ ချက်ခြင်းအကျိုးရှိသည်။ ဆေးထိုးသည်နှင့်တပြိုင်တည်း ကူးရောက်တတ်သည့် အရာများကို။ မကူး မရောက်နိုင်အောင်ပြုလုပ်၍ ဖျက်ဆီးလျှင်လည်း။ဆေးတန်ခိုးကြာမြင့်စွာခံတတ်သည်။ ရောဂါကျရောက်သည့်တိရစ္ဆာန်များနှင့်ထိပါးသော။အရပ်ရပ်တိရစ္ဆာန်များကိုဆေးထိုးရမည်။ ဆေးမထိုးလျှင်။တကောင်ပြီးကတကောင်ရောဂါကျရောက်၍။ရောဂါမပြတ်ရှိနေပြီးလျှင်။ ရောဂါ မကျမရောက်ရန်ဆေးထိုးသော်လည်း။ အနည်းငယ်မျှသာအကျိုးဖြစ်ထွန်းတတ်သည်။

ဆေးထိုးထားသော တိရစ္ဆာန် များနှင့်။ ရောဂါ ကျရောက်သော တိရစ္ဆာန်များကို။ ရောနှော၍ ထားလျှင် သင့်သည်။ သို့သင့်ခြင်းကြောင့်။ဆေးထိုးထားသောတိရစ္ဆာန်များကို။အသီးအခြားခွဲထားရန်မလိုသဖြင့်။ကျွဲနွားရှင်တို့မှာလည်း။ ဂရိဂ မများ။ဆေးထိုးထားသော တိရစ္ဆာန်အချို့မှာ။ ရောဂါလက္ခဏာပေါ်ထွက် နိုင်ရန် ရှိသော်လည်း။ ဆေးထိုးသည့် အကျိုးကြောင့်။ ၎င်းလက္ခဏာပြင်းပြစွာပေါ်ထွက်နိုင်မည်မဟုတ်။ ရောဂါလက္ခဏာတကြိမ်ပေါ်ထွက်ပြီး တိရစ္ဆာန်မှာလည်း။ အမြဲအားဖြင့်။ နောက်ထပ် ရောဂါ ကျရောက်ရန် လက္ခဏာ မရှိဖြစ်သည်။

ရောဂါအလျှင်း မကျမရောက်နိုင်ရန်။ အခြားဆေးထိုးနည်းတနည်းရှိသည်ဖြစ်၍။ ၎င်းနည်းအတိုင်းဆေးထိုးသည့်အခါ။ရောဂါသက်သာစွာကျရောက်ပြီးလျှင်။ နေ့ရက်အနည်းငယ်မျှနာလျက်ရှိနေတတ်သည်။ ဆေးအနည်းအများကို သေချာစွာ သတိပြု၍ ပိုင်းဖြတ် ရမည်။ သို့မဟုတ်လျှင်သေတတ်သည်။

ရောဂါကျရောက်သော တိရစ္ဆာန်များကို။ ကုသရန်နှင့် စပ်၍။ လိုရင်းအချက်မှာ။ကောင်းစွာကြည့်ရှုပြုစု၍။သင့်ရာအစာရေစာကိုကျွေးမွေးပြီးလျှင်။အားရှိအောင်ပြုလုပ်ရန်ဖြစ်သည်။ရှေးဦးစွာဝမ်းချုပ်လာသည်ကို။ဝမ်းသွားအောင်ပြုလုပ်ရန်မှာ။ဟင်းခတ်ဆားကဲ့သို့ငံ၍။ ဝမ်းပျော့ပျော့သွားစေတတ်သောဆေးများကို။ အနည်းငယ်စီ။ တအောင်စ

ခွဲကသုံးအောင်စခန့်ထိ။တနေ့လျှင် တကြိမ်နှစ်ကြိမ်။ ဝမ်းမပျော့ခြင်း
တိုက်ရမည်။ ရေနွေးနှင့်ဆီရောစပ်ပြီးလျှင်။ဝမ်းကိုလည်း နေ့စဉ်နှစ်
ကြိမ် သုံးကြိမ်ချူရမည်။ ဝမ်းများစွာကျသောဆေးကိုတိုက်လျှင်။ အ
ဖြဲဖြစ်တတ်သည်ဖြစ်၍။၎င်းဆေးမျိုးကိုမတိုက်ရ။အချို့တိရစ္ဆာန်များ
ကိုကွီနိုင်ခေါ် အဖျားဖြတ်ဆေး ဖြမ်းချိန်-၁-က-၂-ထိ နေ့စဉ် တိုက်
လျှင်။ အကျိုးရှိတတ်သည်။ ရောဂါဒုတိယဆင့်သို့ကျရောက်၍။ ၂၄
နာရီကျော်အောင်ဝမ်းသွားသေးလျှင်။ ဓါတ်ချုပ်စေတတ်သော ဆေး
ရည်ကို။ဝမ်းမရပ်မခြင်းထပ်ခါထပ်ခါတိုက်ရမည်။

အနာကျရောက်သည့် တိရစ္ဆာန်ကိုယ်တွင်။ အဝတ်လုံခြုံစွာခြုံ၍။
နွေးအောင်ပြုလုပ်ထားရမည်။

**အစာရေစာ။** ။အစာရေစာမှာ။ဆန်ကိုနူးနပ်စွာပြစ်ပြစ်ကျိုသော
ကစီရည်ဖြစ်စေရမည်။ရောဂါပဌမဆင့်တွင်။

**အစာရေစာအကြောင်း။**

ဝမ်းချုပ်၍ နေသမျှ အတွင်း။ ရေတိုက်နိုင်
သည်။ဝမ်းကျ၍လာသည့်အခါ။ ကြက်သိမ်းမျှနွေးသောရေနွေးကို။အ
နည်းငယ်စီမကြာမကြာတိုက်ရမည်။

ဤကဲ့သို့သော အခြေသို့ကျရောက်သည့်ကာလ။ ကစီရည်မှာသာ
၍သင့်သည်။ရေငတ်ပြေအောင်ရေတိုက်မည့်အစား။ကစီရည်ကိုပင်။
တိုက်နိုင်သမျှတိုက်ရမည်။

ဝမ်းကျရပ်သည့်အခါ။ ဆေးမတိုက်ဘဲရပ်ထားပြီးလျှင်။ ကောင်း
စွာကြည့်ရှုပြုစုရမည်။ အစာမှာ ကစီရည်နှင့်မြက်နှယ်စိမ်းစိမ်းနုနုအ
နည်းငယ်ဖြစ်စေရမည်။ ကစီရည်ကို တိုက်သည့်အခါ။ ဆားအနည်း
ငယ်ထည့်၍တိုက်နိုင်သည်။သို့မဟုတ် လျက်လိုလျှင်လျက်ရန်။လှမ်း၍
မှီသာရာနေရာတွင်။ သိန္ဓောတုံးတတုံးထားရမည်။ ခြောက်သွေ့တောင့်
မာ၍အမြွေးအမြှင်ထူသောအစာမှာ။ကောင်းစွာအစာမကြေဘဲ ဝမ်း
ရောင်ခြင်းအစာအိမ်နှင့် အူများတွင်ရောဂါဖြစ်တတ်ခြင်း။ သို့မဟုတ်
ပျောက်ပြီးသော ရောဂါပြန်၍ ပေါ်တတ်ခြင်းများကြောင့်။ ကျောက်
ပေါက်ရောဂါပျောက်ကင်းစကျွဲနွားများကို။ မည်သည့်အကြောင်းနှင့်
မျှ။၎င်းအစာမျိုးများမကျွေးရ။

## အခန်း ၃။

---

## လျှာနာခွါနာအကြောင်း။

---

အမည်များ။ ထားသာခေါ်အမည်များ အကြောင်း။

။ဤအနာရောဂါကို။ မြန်မာနိုင်ငံတွင် စွတ်စွတ်နာ ဟူ၍ခေါ်သည်။

အနာရောဂါအမျိုး။ မည်သည့်အနာရောဂါ မျိုးဖြစ်ခြင်းအကြောင်း။

။ဤအနာရောဂါသည်။ခံတွင်း နှင့်။ခြေဖျား လက်ဖျား။နို့အုံများတွင် အဖူးအပိမ့် ပေါက် လျက်ကူးတတ်သော အဖျားရောဂါ တမျိုး ဖြစ်သည်။ တခါတရံအဖူ းအပိမ့်များမှာ ခံတွင်းတွင်သာ ပေါက်တတ် သည်။ တခါတရံ ခြေဖျားလက်ဖျား များတွင်သာ ပေါက်တတ်သည်။ အချို့တိရစ္ဆာန်များမှာ။ ခြေဖျားလက်ဖျားကစ၍ အဖူးအပိမ့်ပေါက် သည်။အချို့မှာခံတွင်းကစ၍ပေါက်သည်။

ဤအနာရောဂါသည်။ကျွဲ။နွား။သိုး။ဆိတ်။ဝက်။ကြွက်များတွင် ကျ ရောက်တတ်သည်။ဤအနာရောဂါကျရောက်လျက်ရှိသော နွားမကာနို့ ကိုသောက်သဖြင့်။လူတွင်လည်းရင်းရောဂါမျိုးဖြစ်ဘူးသည်။

ဤအနာရောဂါသည်။မြန်မာနိုင်ငံတော်အတွင်းရှိ မြို့ရွာနယ်မြေအ ရပ်ရပ်တွင်။အနည်းအများအမြဲကျရောက်လျက်ရှိသည်။

တိရစ္ဆာန်တကောင်တည်းတွင်ပင်။ ဤရောဂါမျိုး အကြိမ်များစွာ ကျရောက်ဖူတတ်သည်။

အနာရောဂါဖြစ်ရင်း။ အနာရောဂါ ဖြစ်ရင်းအ ကြောင်း။

။အနာရောဂါဖြစ်ရင်းအကြောင်းမှာ။အ မြဲအားဖြင့် ကူးတတ်သည့် အရာကြောင့်ဖြစ် သော်လည်း။ အချို့အချက်များတွင် ၎င်းကူး တတ်သည့် အရာကိုအစရှာရန်မှာခဲယဉ်းသော အရာဖြစ်သည်။ များ သောအားဖြင့်။ ကျွဲနွားများကိုယ်တိုင်တွင်ပင်ကူးတတ်သည့် အရာပါ လာတတ်သည်။ အခြားတိရစ္ဆာန်မျိုးများနှင့် လူများတွင်ပါလာပြီးမှ လည်း။ကျွဲနွားများသို့ကူးရောက်စေတတ်သည်။အနာရောဂါကျရောက် ရှိရာနေရာများကအစာရေစာများတွင်လည်းကူးတတ်သည့် အရာပါ လာတတ်သည်။

အနာရောဂါ ကူးရောက်နိုင်သည့် ကာလအပိုင်းအခြားနှင့် စပ်၍။ တွေ့ ဘူး ကြုံဘူး ရသည့် အချက် များကို ထောက်သဖြင့်ထင်ရှားသည်မှာ။ ၂၄ နာရီ ကသုံးရက်လေးရက်ထိဖြစ်သော်လည်း။များသောအားဖြင့်။နာရီပေါင်း ၃၆ နာရီဖြစ်သည်။

အနာရောဂါ ကူးရောက် နိုင်သည့် ကာလ အပိုင်းအခြားအကြောင်း။

အနာရောဂါလက္ခဏာများ။ ။ရှေးဦးစွာ တွေ့မြင်ရမည့် လက္ခဏာများမှာ။ တုံ၍တက်ပြီးနောက်ဖျားခြင်း။ ခံတွင်း။ဦးချို။ ခြေဖျားလက်ဖျားများပူခြင်း။ နှုတ်ခမ်းချင်းရိုက်ခြင်း။ သရည်ယိုခြင်းများဖြစ်သည်။ ၎င်းနောက် ခံတွင်းနှင့်ခြေဖျားလက်ဖျားများတွင်၎င်း။ နွားမများဖြစ်လျှင်နို့အုံနှင့်နို့သီးခေါင်းများတွင်၎င်း။ အဖူးအပိမ့်များပေါ်လိမ့်မည်။ ၎င်းအဖူးအပိမ့်များမှာ။ပဲစေ့ခန့်ရှိမီးလောင် ဖူးကလေးများကဲ့သို့ဖြစ်ရမည်။၎င်းအဖူးအပိမ့်များကို တခါတရံနှာခေါင်းအတွင်းသားပေါ်တွင် တွေ့မြင်ရတတ်သည်။သည့်ကဲ့သို့ပေါ်၍။နာရီပေါင်း ၁၈နာရီ။ ၂၄ နာရီ နှံကြာလျှင်။အရည်ပေါက်ပြီးနောက်နီရာကလေးများသာကျန်လျက်။မကြာမီကျက်၍ပျောက်သော်၎င်းပျောက်တတ်သည်။အနာသော်၎င်းဖြစ်တတ်သည်။

အနာရောဂါလက္ခဏာ များအကြောင်း။

ပါးစပ်အတွင်း၌ အထူးသဖြင့်။ လျှာတွင်အဖူးအပိမ့် ပေါက်တတ်သည်။ သို့သော်လည်းအချို့တိရစ္ဆာန်များမှာ သွားဖုံး။ အာခေါင်။ပါးစောင်များတွင်ပေါက်တတ်သည်။

ခြေဖျားလက်ဖျားများတွင် ပေါက်သည့် အဖူးအပိမ့်များမှာ။ ခွါရင်းခွါကြားများတွင်ပေါက်တတ်သည်။

ပါးစပ်အလွန်နာ၍ အဖျားလည်းရှိသည့်အခါ။ အစာမစားတဲ့အဖူးအပိမ့်ပေါက်သည့်ခြေချားများကိုမထောက်မနင်းနိုင်ရှိတတ်သည်။

အနာကျရောက်သည့် တိရစ္ဆာန်မှာ။ နွားထီးဖြစ်၍ခိုင်းစေမြဲ ခိုင်းစေထားလျှင်။ အနာရောဂါလက္ခဏာသာ၍ ပြင်းထန်စွာ ပေါ်ပေါက်လျက်ခြေလက်ရောင်ဖေါ်ပြီးလျှင်။ များသောအားဖြင့် ခွါများကျွတ်၍ထွက်တတ်သည်။တခါတရံခြေများတွင်လည်းအိုင်းနာကျတတ်သည်။

နို့အုံနှင့်နို့သီးများတွင်။အဖူးအပိမ့်ပေါက်လျှင်။ပေါက်ရာနေရာနှစ်ရပ်လုံးရောင်ဖေါ်လျက်နာကျင်လိမ့်မည်။

အနာကျရောက်သည့်နွားမ၏ နို့ကိုနွားကလေးစို့လျှင်။ နွားကလေးလည်းအနာကျရောက်လိမ့်မည်။

နို့စား နွားမများဖြစ်လျှင်။နို့ညှစ်သမားက အဖူးအပိမ့်ပေါက်သည့်နေရာတွင် ကိုင်တွယ်၍ညှစ်ခြင်းကြောင့်။ များသောအားဖြင့်။ နို့သီးများ အလွန်နာလျက် လာတတ်သည်။ တခါတရံနို့ညှစ်၍ မယူခြင်းကြောင့်။နို့အုံရောင်၍လောင်ရိတတ်သည်။

အနာကျရောက်သည့် နွားမနို့ကိုညှစ်ပြီးနောက်။ လက်ကိုကောင်းမွန်စွာဆေးကြောရန် သတိမထားလျှင်။ အနာရှိသောနို့ကိုညှစ်သောလက်ကကူးတတ်သည့်အရာပါ၍။ ကျန်းမာလျက်ရှိသော နွားမများနို့သို့ကူးရောက်တတ်သည်။

ကျောက်ပေါက်ရောဂါနှင့် နှိုင်းယှဉ်ရန်ထူးခြားသောအနာရောဂါလက္ခဏာများ အကြောင်း။

လျှာနာခွါနာကိုကျောက်ပေါက်ရောဂါနှင့်တခါတရံမှားယွင်းတတ်သည်။ သို့သော်လည်း။ မြန်မာနိုင်ငံတွင်တွေ့ကြုံရသည်မှာ။ လျှာနာခွါနာကျသည့် အခါ။ ဝမ်းသွားခြင်းလက္ခဏာမပါ။ကျောက်ပေါက်ရောဂါကျရောက်သည့်အခါတွင်သာဝမ်းကျဝမ်းကိုက်မုချ ပါမြဲဖြစ်သည်။ တကြောင်းလည်း ကျောက်ပေါက်ရောဂါကျရောက်သည့်အခါ။ ခြေဖျားလက်ဖျားများတွင် အနာမပေါက်။ တိရစ္ဆာန်တကောင်တည်းတွင်ကျောက်ပေါက်ရောဂါနှင့်။ လျှာနာခွါနာတပြိုင်တည်း ကျရောက်နိုင်သည်။ သို့သော်လည်း။ သို့ကျရောက်သည်ကိုတွေ့ကြုံခဲရတတ်သည်။

မည်မျှကြာအနာရောဂါဖြစ်ခြင်းအကြောင်း။

အနာကျရောက်သည့်တိရစ္ဆာန်ကိုကောင်းစွာကြည့်ရှုပြုစု၍ ထားလျှင်။သုံးရက်လေးရက်အတွင်းအဖျားရှင်းရှင်းပျောက်ပြီးလျှင်။ အနည်းငယ်မျှ ကြုံလှီလျက်။ ၁၀ ရက် ၁၅ ရက် အတွင်း ရောဂါပျောက်ကင်း လိမ့်မည်။ ကောင်းမွန်စွာ ကြည့်ရှုပြုစု၍မထားလျှင်၎င်း။ နွားထီးဖြစ်၍ ခိုင်းစေထားလျှင်၎င်း။ အဖျားတိုး၍ခံတွင်းပျက်ပြီးလျှင်။ ခွါကြားများနှင့်ခြေဖျားလက်ဖျားများတွင် အနာပေါက်ခြင်းကြောင့်။ ခွါကျွတ်တတ်သည့်ပြင်။ခြေလက်များလည်း။များစွာဖေါရောင်ပြီးလျှင်။အိုင်းနာကျလျက်။ ၁၀ ရက် ၁၂ ရက်အတွင်းသေတတ်သည်။

ကုသနည်းအကြောင်း။

**ကုသနည်း။** ။အနာကျရောက်သည့် တိရစ္ဆာန်ကို တင်းကုပ်နှင့် သန့်ရှင်းစင်ကြယ်လုံခြုံစွာထားရမည်။ တင်းကုပ်အခင်းကိုကောင်းစွာသန့်ရှင်းစင်ကြယ်စေလျက်။တင်းကုပ်အတွင်းလေဝင်လေထွက်လည်းကောင်းစွာရှိစေရမည်။

ပါးစပ်ကိုကြက်သီးမျှနွေးသောရေနွေးနှင့်တနေ့လျှင် နှစ်ကြိမ်သုံးကြိမ်ဆေးကြောပြီးနောက်။ဆေးရေနှင့်လည်းဆေးရမည်။

အထူးသဖြင့် ခွါကြားများက အညစ်အကြေးများ ကောင်းစွာစင်ကြယ်အောင်ခြေဖျား လက်ဖျားများကို။တနေ့လျှင်နှစ်ကြိမ်ရေနွေးနှင့်ဆေးကြော၍ရေနွေးငွေ့ခံရမည်။အနာများကိုလည်းဆေးလိမ်းရမည်။

နို့အုံနို့သီးများနှင့်။ အနာပေါက်ရာအခြားနေရာများကို သန့်ရှင်းစင်ကြယ်စွာဆေးကြောပြီးနောက်၊ယင်ချေးဥခြင်း။ ပိုးလောက်တွယ်ခြင်းမရှိရအောင်။ဆိုခဲ့သည့်ဆေးကိုမကြာမကြာသိမ်းရမည်။

အစာရေစာမှာ။ မြက်နွယ်နူနူမိမ်းမိမ်းများကိုကျွေးရမည်။ ဆန်က စီရည်ကြဲကြဲကိုလည်း။ တင်လဲနှစ်အောင်စ။ သုံးအောင်စခန့်နှင့်။ဆားတအောင် စရော၍ တနေ့လျှင်တကြိမ် နှစ်ကြိမ်အများတိုက်နိုင်သည်။

အစာရေစာအကြောင်း။

အနာကျရောက်သော ကျွဲနွားများကိုမြစ်တွေးမြုပ်အောင် ရေတွင်ဖြစ်စေ။ ရွှံ့တွင်ဖြစ်စေ။ ချည်နှောင် ထားလျက်အချို့လူတို့ ကုသတတ်သည့်နည်းမှာ။ အနာများတွင်ယင်ချေးမဥနိုင်ခြင်းကြောင့်။ ကောင်းသောနည်းဖြစ်သော်လည်း ခွါကြားများသို့သဲသော်၎င်း။ ရွှံ့သော်၎င်း ဝင်၍စားပြီးလျှင်။ခွါကိုကျွတ်စေတတ်သည်။

အနာကျရောက်သည်မှာ။ ကူးတတ်သည့် အရာကအစ ဖြစ်ခြင်းကြောင့်။ ကူးတတ်သည့် အနာရောဂါများမကျမရောက်နိုင်အောင် တားဆီးကွယ်ကာရန် အကြောင်းနှင့်စပ်၍ အခန်း-၁-တွင်ညွှန်ပြခဲ့သည့်နည်းလမ်းများကိုကျနသေချာစွာလိုက်နာရမည်။

အနာ ရောဂါ မကျ မရောက်နိုင်ရန်တားဆီးကွယ်ကာခြင်းအကြောင်း။

## အခန်း ၄။

## လည်ချောင်းကျွနာအကြောင်း။

**အမည်များ။** ။ဤအနာသည်။ ဒေါင်းသန်းနာ။ ကြိတ်နာချားနှင့်အနာဆင်တူဖြစ်ခြင်းကြောင့်။ ၎င်းအနာများနှင့် မကြာမကြာမှားယွင်းရှုပ်ထွေး ရှိတတ်သည်။

*ဘာသာ ခေါ်အမည်များ အကြောင်း။*

**အနာရောဂါအမျိုးနှင့်။ ရောဂါဖြစ်ရင်း အကြောင်း။** ။ဤအနာရောဂါသည်။သွေးဆိုးခြင်းကြောင့်ဖြစ်သော။ ကူးတတ် အလွန်သေကြေပျက်စီးတတ်သောရောဂါဖြစ်သည်။များသောအားဖြင့် ကျွဲများတွင်ကျရောက်တတ်သော်လည်း။ အရပ်ရပ်ကျွဲနွား တိရစ္ဆာန်မျိုးများတွင်လည်းကျရောက်တတ်သည့်ပြင်။တခါတရံဝက်များတွင်လည်းကျရောက်တတ်သည်။မြင်းများ။မြဲများလည်းဤရောဂါနှင့်သေတတ်သည်ဟုဆိုသည်။

*မည်သည့် အနာရောဂါမျိုးဖြစ်ခြင်းနှင့်။ အနာ ရောဂါဖြစ်ရင်းအကြောင်း။*

ဤအနာရောဂါသည် များသောအားဖြင့်မိုးဥတုရာသီအတွင်း ကျရောက်သော်လည်း။ အခြားဥတုရာသီများတွင်လည်း ကျရောက်တတ်သည်။အထူးသဖြင့် မိုးနှောင်းမိုးကျန်ရွာပြီးနောက် ကျရောက် တတ်သည်။

နှစ်စဉ်ရေတက်ရောက်လွှမ်းမိုးရာမြေနိမ့်မြေဧမ်း များတွင်။ သာ၍ကျရောက်သည်။

များသောအားဖြင့်အိုမင်းသောတိရစ္ဆာန်များထက်။ ပျိုလွင်သောတိရစ္ဆာန်များတွင်။သာ၍ကျရောက်တတ်သည်။

**အနာရောဂါလက္ခဏာများ။** ။အနာရောဂါ လက္ခဏာ များမှာ။ ဖြင်းထန်စွာဖျားပြီးလျှင်။အမြဲအားဖြင့်လည်ချောင်းတွင် ဖူးရောင်၍ အကြိတ် ပေါ်ခြင်း။ လျှာရောင်၍သရည်ယိုခြင်း။ အစာရေစာကောင်းစွာမမျိုနိုင်ခြင်း။ အသက်ရှုကြပ်ခြင်း။နှာခေါင်းတွင်းနှင့်မျက်လုံးနီခြင်းများဖြစ်သည်။ ဖူးရောင်သည့်အရာမှာ။အမြန်တိုး၍ရောင်ပြီးလျှင်။ အသက်ရှုခြင်း။ အစာရေစာမျိုခြင်းမှာလည်း တိုး၍ခဲယဉ်းသည်ဖြစ်၍။ အသက်ရှုသံကိုတောင်ပေါင်းများစွာကွာကကြားနိုင်သည်။

*အနာ ရောဂါလက္ခဏာ များအကြောင်း။*

နှာခေါင်းမှ ဝါသော အကျိအချွဲများ။ နှပ်များထွက်လျက်။ အမြဲအားဖြင့် လည်ပင်းသို့ ပျံ့ပွားလျက်။ ရင်ခေါင်း ထိအောင် ဆင်း၍ ရောင်ပြီးလျှင်။ အသက်ရှုကြပ်၍ သေတတ်သည်။ ရောင်သည့်နေရာတွင်မာခြင်း။ပူခြင်း။နာကျင်ခြင်း။ နှိပ်သည့်အခါမပေါက်မပြဲခြင်းများမှာ။ဂရုပြု၍မှတ်သားရန်ကောင်းသောအရာများဖြစ်သည်။

အချို့ကျွဲနွားတိရစ္ဆာန်များမှာ။လည်ချောင်းတွင် ဖူးရောင်သည့်အကြိတ်မပေါ်ဘဲဝမ်းတွင်ဖြစ်စေ။ မျက်နှာတွင်ဖြစ်စေ။ ခြေလက်တဘက်ဘက်တွင်ဖြစ်စေ။ပေါ်တတ်သည်။ ကျင်ငယ်မှာ တခါ တရံ သွေးကဲ့သို့သောအဆင်းရှိတတ်သည်။ ကျင်ကြီးမှာသွေးနှင့်ရောလျက် အရည်ဖြစ်တတ်သည်။

ဤရောဂါမှာ။ နှစ်နာရီသုံးနာရီကာ နှစ်ရက်သုံးရက်ထိအောင် ဖြစ်တတ်သည်။ သုံးရက်ထက် ပို၍ ခံသော တိရစ္ဆာန်များမှာချမ်းသာရမြဲဖြစ်သည်။

မည်မျှ ကြာ ရောဂါ ဖြစ် ခြင်းအကြောင်း။

အနာကျရောက် ခြင်းမှာ ၁၀ ရက် အတွင်း ကင်းပျောက်မြဲ ဖြစ်သည်။အနာကျရောက်သည့်တိရစ္ဆာန်ကောင်ရေ ၁၀၀ လျှင် ဂ၀ က ၁၀၀ ထိသေတတ်သည်။

အနာ ရောဂါ လက္ခဏာကို ကြည့်ရှု မှတ်သား ခြင်း။ ။ဤလည်ချောင်းကျွံနာမှာ။ဒေါင်းသန်းနာ။ကြိတ်နာများနှင့်မှားယွင်းရှုပ်ထွေး ရှိတတ်သည် ဖြစ်၍။ ၎င်းဒေါင်းသန်းနာ။ကြိတ်နာများအကြောင်းနှင့်ယှဉ်၍ကြည့်ရမည်။လည်ချောင်းကျွံနာမျိုးဖြစ်သောရင်ခေါင်းတွင်ဖြစ်သည့်ရောဂါကို။ အဆုတ် နာနှင့် မှားယွင်း တတ်သည်။ သို့သော်လည်းအဆုတ်နာမှာ။ရင်ခေါင်းတွင်သာဖြစ်သည့်ပြင်။ရောဂါဖြစ်လျက်နေခြင်းလည်းသာ၍ကြာသည်။

အနာရောဂါ လက္ခဏာကို ကြည့်ရှု မှတ်သား ခြင်း အကြောင်း။

ကုသနည်း။ ။ဤရောဂါမျိုးသည်။များသောအားဖြင့် မြန်စွာတိုးတက်တတ်သည်ဖြစ်၍။ဆေးဝါး ကုသ မည် ဖြစ်လျှင်။ အချိန်မကုန်စေဘဲ မြန်မြန် ကုသထင့်သည်။ဆေးဝါးကုသသော်လည်း။ရောဂါပျောက်ကင်းသည့် အရာများစွာမရှိသောကြောင့်။ အလျှင်းရောဂါ မကျမရောက် နိုင်အောင်။ ကွယ်ကာ၍ဆေးထိုးနည်းကိုမကြာမီရလိမ့်မည်မြော်လင့်သည်။

ကုသနည်းအကြောင်း။

အနာကျရောက်ကြောင်းကိုစေ့စေ့ကသိရ၍။ အနာ ကျရောက်သည့်တိရစ္ဆာန်မှာလည်း။ အစာရေစာ မျိုသည့်အခါများစွာ ခဲယဉ်းသည်မရှိသေးလျှင်။ထက်စွမ်းသော၀မ်းနုတ်ဆေးကိုပေးရမည်။

ဗိန္နီခေါ်ဆေးအောင်စချိန်–၁–ကို။ကွပ်အခြင်အတွယ်–၂–ရှိ ရေနှင့်ရောစပ်၍အပုပ်အစပ်နိုင်ရန်တိုက်နိုင်သည်။ အချို့ကျွဲနွားများမှာ။ ဤဆေးကိုတိုက်ခြင်းကြောင့် ရောဂါပျောက်ကင်းဘူးသည်။ ကုသမြဲမှာ။ ဖူးရောင်သည့်နေရာကိုအတန်းအတန်းဖြစ်အောင် သံပူနှင့် ကပ်ရခြင်းဖြစ်သည်။သို့သော်လည်း။ သံပူကပ်ရာများမှာ မနက်လွန်းစေရ။ နက်လွန်းလျှင်ပြည်ဖြစ်တတ်သည်။ပါးစပ်ကိုဆေးရေနှင့်မကြာမကြာဆေးရမည်။

နာရီ၀က်ကြာလျှင် တကြိမ်ကျရေနွေးနှင့်ဝမ်းချုရမည်။ ဆန်ကာစိရည်ကြိုကြိုတွင် ဆားအနည်းငယ်ခတ်၍ တိုက်နိုင်သည်။ (ဆေးနည်းနံပါတ်–၇–ကိုကြည့်။) များသောအားဖြင့်အစာရေစာကောင်းစွာမမျိုနိုင်ရှိတတ်သောကြောင့်။ ဆေးတိုက်သည့်အခါ မသိမနင် ရအောင်ကောင်းစွာသတိထားရန်လိုသည်။

အသက်ရှုကြပ်၍သေမည်ရှိသည့်အခါ။ အသက်ရှုရန်လေပေါက်ကို။လည်ချောင်းအလယ်ခန့်ကနေ၍။ ကျွဲနွားတိရစ္ဆာန်ကုဆရာ၀န်ကဖောက်ပြီးလျှင်။သို့ဖောက်သည့် အပေါက်က အသက်ရှုစေရမည်။ အချို့ကျွဲနွားများမှာ။သည်ကဲ့သို့ဖောက်ခြင်းကြောင့်မသေဘဲချမ်းသာရတတ်သည်။

ကျွဲအုပ်နွားအုပ်တခုခုတွင်။ ဤရောဂါမျိုးပဌမကျရောက်သည့်အခါ။ ကူးတတ်သော အခြားအနာ ရောဂါမျိုးများကျရောက်ရာတွင်။ သတိပြုမှု လိုက်နာရသောနည်းအချက်များကို။ချက်ခြင်းလိုက်နာဆောင်ရွက်ရမည်။ (အခန်း ၁ ကိုကြည့်။) အချို့သောစားကျက်များမှာ။ အချို့သော ရာသီဥတုများတွင်။ ဤရောဂါမျိုး ကျရောက် တတ်ကြောင်းကိုသိသာရသည်ဖြစ်၍။ ၎င်းစားကျက်များကို။ ၎င်းရာသီဥတုများတွင်ရှောင်ကြဉ်ရမည်။

အနာ မကျ မရောက်နိုင်ရန်တားဆီး ကွယ်ကာခြင်းအကြောင်း။

## အခန်း ၅။

### ဒေါင်းသန်းနာအကြောင်း။

မည်သည့်အနာရောဂါမျိုးဖြစ်ခြင်းအကြောင်း။

**အနာရောဂါအမျိုး။** ။ဤရောဂါသည်သွေးကြောင့်ဖြစ်သည့်ကူးတတ်သောထူးခြားသော ရောဂါ တမျိုးဖြစ်သည်။ထူးခြားသည့်အရာမှာရှုတ်တရက် အနာကျ၍။ များသောအားဖြင့် ရုတ်တရက် သေကြေ ပျက်စီးခြင်း ဖြစ်သည်။ အထူးသဖြင့်ရွံ့နွံထူသောမြေနိမ့်ရာ အရပ်များတွင်ကျရောက်တတ်သည်။ တရပ်ဘည်းတွင်နှစ်စဉ်ဆက်၍ဖြစ်တတ်သေးသည်။ ရေစီးရေမြောင်းကောင်းစွာ လုပ်ကိုင်ထားလျှင်တိုး၍ ဖြစ်ရန် လက္ခဏာမရှိ။

အနာရောဂါဖြစ်ရင်းအကြောင်း။

**အနာရောဂါဖြစ်ရင်း။** ။ဤရောဂါ ဖြစ်ရင်း အကြောင်းမှာ။ ထူးခြားသောဗါတ်တမျိုးကြောင့်ဖြစ်သည်။ ၎င်းဗါတ်သည် ကိုယ် တွင်း သို့ ဝင်ရောက် ပြီးနောက်။သွေးထဲတွင်လျှင်မြန်စွာ တိုးပွါး လာတတ်သည်။ ကိုယ်ထဲသို့ရောက်ရန်အကြောင်းမှာ။ အရေပေါ် ၌ထိခိုက်သည့်ဒဏ်ရာ အနာကလေးတခုခုကဖြစ်စေ။အစာရေစာနှင့် အတူပါ၍ဖြစ်စေ။ ရှူသောလေနှင့်အတူပါ၍ဖြစ်စေ၊ဝင်ရောက်နိုင်သည်။၎င်းဗါတ်၏မျိုးစေ့များကအဆိပ်အတောက်သည့်မပြယ်မပျောက်ဘဲကြာမြင့်စွာခံသည့်ပြင်။၎င်းမျိုးစေ့မှာ။ တိရစ္ဆာန်အသေကောင်များတိုမြေမြှုပ်ရာ။ စွန့်ပစ်ထားရာ နေရာများနှင့်ထိခိုက်သောရေနှင့် အတူအမှများ အားဖြင့် ပါတတ်သည်။ ရောဂါပျံ့ပွါးခြင်းအကြောင်းမှာ။ရောဂါကျရောက်သော တိရစ္ဆာန်တို့စွန့်ပစ်သောကျင်ကြီးကျင်ငယ်စသည်တို့မှတဆင့်။ လူများအိုးခွက် အသုံးအဆောင်များ။ အစာရေစာ စသည်များတွင်ပါ၍၎င်း။ တခါတရံ ကျင်ကြီး ကျင်ငယ်စသည်တို့နှင့် တိုက်ရိုက် ထိပါးခြင်းဖြင့် ၎င်းကူးရောက်ပျံ့ပွါးတတ်သည်။

အနာရောဂါ ကူးရောက်နိုင်သည့်ကာလ အပိုင်း အခြားအကြောင်း။

**အနာရောဂါကူးရောက်နိုင်သည့်ကာလအပိုင်းအခြား။** ။ရောဂါကူးရောက်နိုင်သည့်ကာလအပိုင်းအခြားမှာ။ အမြဲအားဖြင့် ၁၂ နာရီက ၄၈ နာရီထိဖြစ်သည်။ တခါတလေ ၎င်းထက်ကြာမြင့်တတ်သည်။

အနာရောဂါလက္ခဏာ
များနှင့်အကြောင်း။

အနာ ရောဂါ လက္ခဏာများ။ ။ဒေါင်းသန်း နာကို။ အနာ ကျရောက်သည့်အခါ ကိုယ်တွင် အနာ အဆာ။ ချွတ်ယွင်းသည့် အရာ တစုံ တရာ မြင်သာအောင်မပေါ်ဘဲဖြစ်တတ်သောကြောင့်။ အတွင်းနာဟူ၍ငင်း။ ကိုယ်၌မည်သည့်နေရာတွင်မဆို။ ဖူးရောင်သည့်အရာပေါ်ထွက်၍ ဖြစ်တတ်သောကြောင့်။အပနာဟူ၍ငင်းခေါ်လေ့ရှိတတ်သည်။

ပဌမအချက်ဘွင်။ရောဂါလက္ခဏာထင်ရှားစွာမပေါ်ဘဲရုတ်တရက်သေတတ်သည်။သို့သော်လည်းပေါ်တတ်သည့်လက္ခဏာများမှာ။ ငြိမ်သက်စွာမနေနိုင်ခြင်း။ဗိုက်၍ကြည့်ခြင်း။မျက်ပျဉ်းငုပ်ခြင်း အဖျားကြီးခြင်း။သွေးထခြင်း။ ကြောက်ရွံ့သကဲ့သို့ကြည့်ခြင်း။ အကြော ဆွဲခြင်းများဖြင့်သည်။များသောအားဖြင့်။နှာခေါင်းမှသွေးနှင့်ရေချိုက်။ နှာရည်နှပ်သည်တို့လည်း ထွက်တတ်သည်။ နားတွင်း ရောင်ခြင်းနှင့်အကွ။ဝမ်းရင်း၍နာရာ။ ညစ်ပုသဖြင့်။ စအိုထွက်ခြင်းများလည်း ဖြစ်တတ်သည်။

သွေးပါသော ဝမ်းသွားတတ်သည့်ပြင်။ ကျင်ငယ် မှာလည်း များသောအားဖြင့်။ မည်းသောအဆင်းရှိတတ်သည်။ ကတိမ်း ကပါးဖြစ်လျက်တိမ်းသည်ပြီးနောက်။ ၁၀-နာရီက-၂၄-နာရီထိ အတွင်း။ကန်ကျောက်လူးလည်းနေပြီးမှ သေတတ်သည်။တခါတရံများစွာစိတ်ထွက်၍။ရူးသကဲ့သို့ဖြစ်ပြီးနောက်။ မှိုင်တွေသွားတတ်သည်။

အချို့တွဲ့နွားတိရစ္ဆာန်များမှာ။ ပြင်းထန်စွာ ရောဂါ လက္ခဏာ မပေါ်ဘဲ။တခါတရံရောဂါပျောက်ကင်းတတ်သည်။အရေပေါ်တွင်အလွှန်နာကျင်၍။ မာသောအလုံးအဖု ပေါ်တတ်သည်။ဖူးရောင်သည့် အရာများမှာ။ကိုယ်၌မည်သည့်နေရာတွင်မဆိုပေါ်တတ်သော်လည်း။ လည်ချောင်း။လည်ပင်း။ ပခုံးစွန်း။သို့မဟုတ်ဝမ်းတွင်ပေါ်မြဲ ဖြစ်သည်။ ငင်းဖူးရောင်သည့်အရာများသည်။ အေး၍မနာမကျင်ဖြစ်လာတတ်သည့်ပြင်။အသားမာဖြစ်၍လည်းသွားတတ်သည်။ငင်း ဖူးရောင်သည့်အရာများပြင်။ အေး၍ အနာအကျင်မရှိသော အဖေါင်းအဖု ကလေးများလည်း။အရေပေါ်တွင်အနှံ့အပြားပေါက်တတ်သည်။

အထူးအခြားဖူးရောင်သည့်အရာမှာ။ လည်ချောင်းတွင်ပေါ်မြဲဖြစ်သည်။ထိုသို့လည်ချောင်းတွင်ဖူးရောင်သည့်အခါ။ ကိုယ်ပူ၍အစာရေစာကောင်းစွာမမျိုနိုင်။အသက်ကောင်းစွာမရှူနိုင်ဖြစ်တတ်သည်။

ပြင်ပတွင်ဖူးရောင်သည့်အခါ။ အတွင်း၌ ဖူးရောင်သည်ထက် အသေနည်းသည်။ လည်ချောင်းတွင်အဖူးအရောင်မရှိလျှင်။ သုံးရက်က ခုနစ်ရက်ထိကြာအောင်ရောဂါဖြစ်လျက် ရှိနေတတ်သည်။ အနာကျရောက်သည့်တိရစ္ဆာန်များမှာ။ ကောင်ရေ ၁၀၀ လျှင်။ ၇၀ က ၁၀၀ ထိသေတတ်သည်။ များသောအားဖြင့်။အနာကျရောက်စ အခါတွင် သာ၍အသေများသည်။

ဒေါင်းသန်းနာကျရောက်၍ အနာကင်းပျောက် ပြီးနောက်။ အချိန်ကာလအနည်းငယ်မျှအတွင်းသာ။အနာရောဂါကင်းရှင်းနိုင်သည်။

**အနာ ရောဂါ လက္ခဏာ ကိုကြည့်ရှု မှတ်သားခြင်း။**

အနာရောဂါ လက္ခဏာ ကိုကြည့်ရှု မှတ်သား ခြင်း အကြောင်း။

။အတွင်း ဒေါင်းသန်း နာ နှင့် သေသည်ကို။ ဝက်ရူးနာကြောင့်သေဘ်ငင်း။ မိုးကြိုး ပစ်၍ သေဘ်ငင်း။ တခါ တရံ ကျောက်ပေါက် ရောဂါ ကြောင့် သေဘ်ငင်း။ သေသည့် အရာနှင့်မှားယွင်းတတ်သည်။ ကျောက်ပေါက်ရောဂါတွင်။ မသေမီထူးခြားသည့်အရာမှာ။ဝမ်းကျခြင်းဖြစ်၍။ ထိုဝမ်းကျခြင်းမှာ။အနာရောဂါလက္ခဏာကိုကြည့်ရှုမှတ်သားရန်အချက်ဖြစ်သည်။သေပြီးနောက်စစ်ဆေး၍ ကြည့်ပြန်လျှင်လည်း။ ဒေါင်းသန်းနာဖြစ်သည့်အခါ။ သွေးနှင့်သရက်ရွက်မှာ ထူးခြားစွာ ရှိနေတတ်သည်။ အပ ဒေါင်းသန်းနာကို။လည်ချောင်းကွဲနာ ကြိတ်နာများနှင့်မှားယွင်း ရှုပ်ထွေးရှိတတ်သည်။

အတွင်းဒေါင်းသန်းနာဖြစ်ခဲ့လျှင်။သေပြီးနောက်စစ်ဆေး၍မကြည့်ဘဲ။အနာရောဂါ လက္ခဏာကိုခွဲခြား၍ ကြည့်ရှု မှတ်သားရန် ခဲယဉ်းသည်။ကြိတ်နာအကြောင်းကိုဘော်ပြရာ အခန်းတွင်ကြည့်လျှင်။ ၎င်းအနာရောဂါဖြစ်၍အဖုအကြိတ်ပေါက်ခြင်းမှာ။ရောဂါလက္ခဏာတရပ်မျှသာဖြစ်ကြောင်းကိုသိသာရလိမ့်မည်။

**ကုသနည်း။**

ကုသနည်းအကြောင်း။

။အမြဲအားဖြင့်။၎င်းအနာမျိုးသည်။ ဆေးကု၍ ရခဲသည်။သို့သော်လည်းအပုပ်အစပ် နိုင်သောဆေး။ ခံတွင်းပေါက်သောဆေးများကို တိုက်

---

ဂရုပြုရန်။ ။ဒေါင်းသန်းနာနှင့် သေသော တိရစ္ဆာန်အသေကောင်ကို။ ကြည့်ရှုစစ်ဆေးရန်လိုရင်းမဟုတ်လျှင်။ ကြည့်ရှု စစ်ဆေးရန်မသင့်။ ကြည့်ရှုစစ်ဆေး ပြန်လျှင်လည်း။ နွားလည်ကျွမ်းကျင်သောဆေးဆရာအကြီးအကြဲပ်နှင့်။ ကြည့်ရှုစစ်ဆေးရမည်။ ကောင်းစွာသတိမပြုဘဲ။အသေကောင်ကိုခွဲစိတ်၍ကြည့်ရှုစစ်ဆေးသူမှာအနာရတတ်သည်ဖြစ်၍။ ထိုးဖြွင်းဖြတ်တောက်သောအပိုင်းအစများကိုစီမံခန့်ခွဲရာ။အနာမကူးမရောက်နိုင်အောင် ပြုလုပ်ရာများတွင်။အထူးသတိပြုရန်လိုသည်။

လျှင်သင့်သည်။ တာရပြင်ဆီ၌အောင်စချိန်-၁-ကို။ ဗိုင်ခေါ် အခြင်အတွယ်-၁-ရှိပိုက်ဆံစေ့ဆီနှင့် ရောစပ်၍ဖြစ်စေ။ဗိနိခေါ် ဆေးအောင်စချိန်-၁-ကို ကွင်ခေါ်အခြင်အတွယ်-၂-ရှိရေနှင့်ရောစပ်၍ဖြစ်စေ တိုက်နိုင်သည်။

အပ ဒေါင်းသန်းနာတွင်။ ဖူးရောင်၍ ထွက်ပေါ်လာသည့် အဖုအကြိတ်များကိုသံပူနှင့်ကပ်နိုင်သည်။

အနာ မကျမ်ရောက် နိုင်ရန် တားဆီး ကာကွယ်ခြင်း။ ။ဤအနာရောဂါမျိုး မကျမရောက် နိုင်ရန် လွယ်လင့်တကူ ဆေးထိုးနိုင်သည်ဖြစ်၍။ အနာနှင့်အပြားရောဂါကျရောက်သည့်အခါ ဆေးထိုးမြဲဖြစ်စေရမည်။ ဒေါင်းသန်းနာနှင့် သေသောတိရစ္ဆာန်အသေကောင်များကကောင်းစွာ အနာကူးရောက်တတ်သည်ဖြစ်၍။ ၎င်းအသေကောင်မျိုးများကိုကောင်းစွာသတိပြု၍စီမံခန့်ခွဲရမည်။ မီးမရှို့လျှင်အစောက်အနက်ခြောက်ပေနက်အောင်ကျင်းတူး၍ မြေမြှုပ်ပြီးနောက် မဖေါက်ထုံးမိရမည်။

> အနာ မကျမရောက် နိုင်ရန်တားဆီး ကာကွယ်ခြင်းအကြောင်း။

၎င်းအသေကောင်များကို ရေနီးရေစပ်များတွင် မမြှုပ်ရ။ မြေမြင့်များတွင်မြှုပ်ရမည်။

အသေကောင်ကိုဆောင်ယူသည့်အခါ။ ပါးစပ်။ နှာခေါင်းမှစ၍အရပ်ရပ်ဒွါရပေါက်များကိုမြေစေးနှင့်ဆို့ပိတ်ရမည်။ မည်သည့်နည်းနှင့်မျှအသေကောင်ကိုလှီးဖြွင်းဖြတ်တောက်ခြင်းအပိုင်းအစတစုံတရာကိုရွှေ့ယူခြင်းမရှိစေရ။

အနာကျရောက်သည့် တိရစ္ဆာန်များ ထားရာနေရာတွင်။ ကောင်းမွန်သေချာစွာ အနာမကူးမရောက်နိုင်အောင် ဆေးရည်ပက်ဖြန်းခြင်း သေးမှုန့် ဖြူးခြင်းများကို ပြုလုပ်ရန်လိုသည့်အတိုင်း။ အခန်း-၁-တွင် ဖော်ပြပါရှိသည့် နည်းလမ်းများကို။ မချွတ်မလွဲရအောင် လိုက်နာပြုလုပ်ရမည်။

ဤဒေါင်းသန်းနာသည်။လူများသို့လည်းကူးရောက်တတ်ကြောင်း။ အများအားဖြင့်လည်း သေကြေဗိုတ်စင်တတ်ကြောင်းများကို သတိပြုရမည်။

## အခန်း ၆။

## ကြိတ်နာအကြောင်း။

အနာရောဂါမျိုး။ ။ဤအနာရောဂါသည် ကူးတတ်သောထူးခြားသော ရောဂါတမျိုးဖြစ်သည်။ ထူးခြားသည့်အရာမှာ လည်ပင်း။ ပခုံး။ ကျော။ ခါးဆစ်။ ပေါင်။တနေရာရာတွင် အဖုအကြိတ်ပေါ်ခြင်းဖြစ်သည်။အသက်သုံးလသားက။ လေးနှစ်သားထိ နုနယ်ငယ်ရွယ်သော ကျွဲနွားများတွင်ကျရောက်မြဲဖြစ်သည်။ သို့သော်လည်း။ အခြားအသက်အရွယ်ရှိ ကျွဲနွားများမှာလည်း လွတ်ကင်းသည်မဟုတ်။ ကောင်းစွာ မကျန်းမာသော တိရိစ္ဆာန်များထက်။ကောင်းစွာကျန်းမာသောတိရစ္ဆာန်များတွင် သာ၍ကျရောက်တတ်သည်။ကျရောက်မြဲမှာစားကျက်များတွင် ကျရောက်မြဲဖြစ်သည်။ ဤမည်သောအရပ်။ ဤမည်သောရာသီဥတုများတွင် ကျရောက်ပြီးဖြစ်လျှင်။၎င်းအရပ်။၎င်းရာသီဥတုများတွင်ပင်။ အချိန်မှန်စွာထပ်၍ကျရောက်တတ်သည်။ များသောအားဖြင့်ရွှံ့နွံထူသောအရပ်တွင် ကျရောက်တတ်သည်။ တကြိမ်ရောဂါ ကျရောက်ပြီးတိရစ္ဆာန်မှာ ၎င်းရောဂါတဘန်ထပ်၍မကျမရောက်နိုင်အမြဲကင်းလွတ်သည်။

မည်သည့်အနာရောဂါမျိုးဖြစ်ခြင်းအကြောင်း။

အနာရောဂါဖြစ်ရင်း။ အနာရောဂါဖြစ်ရင်း အကြောင်းမှာရောဂါမျိုးစေ့သည်အရေကိုဖောက်၍ကိုယ်တွင်းရှိကြောသေးကြောမျှင်များသို့ ဝင်ရောက်ခြင်းကြောင့်မုချဖြစ်သည်။ရောဂါဝင်ရာမှာလည်း။အမြဲမျှလောက်ပင်။ ပါး စပ်။ခြေ။တနေရာရာတွင် ရှိသည့်အနာအဆာငယ်။ ထိခိုက်သည့်ဒဏ်ရာငယ်တခုခုက ဖြစ်လေ့ရှိသည်။ ရောဂါမျိုးစေ့သည်။ကိုယ်တွင်အမြဲမှီ၍နေလျက်။အကြောများကိုရောဂါစွဲကပ်စေတတ်သည်။ ဒေါင်းသန်းနာမျိုးစေ့ကဲ့သို့မဟုတ်၍သွေးထဲသို့များစွာမဝင်မရောက်နိုင်။

အနာရောဂါဖြစ်ရင်းအကြောင်း။

အနာရောဂါ ကူးရောက်နိုင်သည့် ကာလအပိုင်းအခြား။ ။ဤရောဂါနှင့် စပ်၍ကူးရောက်နိုင်သည့် ကာလအပိုင်းအခြားမှာမြန်မျှသောအားဖြင့် နှစ်ရက်ဖြစ်သည်။

အနာရောဂါ ကူးရောက်နိုင်သည့် ကာလအပိုင်း အခြားအကြောင်း။

အနာရောဂါလက္ခဏာများ။ ။ကြိတ်နာဖြစ်ခြင်းသည် အလွန်မြန်၍။များသောအားဖြင့်၊ တရက်ကသုံးရက်ထိအတွင်းသေတတ်သည်။ အနာရောဂါ လက္ခ

အနာ ရောဂါ လက္ခဏာများအကြောင်း။

ဏာ့ကို။ နေ့ရာအလိုက် ပေါ်သည့်လက္ခဏာ။ ယေဘုယျအားဖြင့် ဖြစ်သောလက္ခဏာဟူ၍ ခွဲခြားထားနိုင်သည်။ နေ့ရာအလိုက် ရှေးဦးစွာပေါ်သောလက္ခဏာမှာ။အမြဲအားဖြင့်။ခြေလက်နာခြင်း။နောင်မကြာမီအဖူးအကြိတ်ပေါ်ထွက်ရောင်ရမ်းခြင်းများဖြစ်သည်။၎င်းအကြိတ်များမှာများသောအားဖြင့်ပေါင်ခြံနှစ်ဘက်။လည်ပင်း။ပခုံးနှစ်ဘက်။ ရင်ခေါင်းအောက်ပိုင်းခါးဆစ်။ ကျောများတွင်ပေါ်တတ်သည်။ တခါတရံပါးစပ် အတွင်းတွင်သော်၎င်း။ လည်ချောင်းတွင်သော်၎င်း ပေါ်တတ်သည်။ တခါတရံအကြိတ်တလုံးသာပေါ်၍ တခါတရံတလုံးနှင့်တလုံးဆက်လျက် အများပေါ်တတ်သည်။ အကြိတ်မှာရှေးဦးစွာအလွန်သေးငယ်လျက်နာကျင်စေတတ်သည်။သို့သော်လည်း အလျင်အမြန်အလုံးကြီး၍လာပြီးလျှင်။ရှစ်နာရီအတွင်း ကြီးမားသောအကြိတ်ကြီးဖြစ်လာတတ်သည်။ ဤကဲ့သို့အကြိတ်ကြီးဖြစ်လာသည့်အခါ။ စမ်းသပ်ကြည့်ရှုလျှင်။ လေဖေါင်း၍နေသကဲ့သို့ လက်နှင့် နှိပ်လိုက်သည့်အခါ။ ဖျစ်ဖျစ်မြည်ရမည်။ဤအခါအနာအကျင်အလျှင်းမရှိဘဲ အထူးသဖြင့်အလယ်ကအေးရမည်။ အကြိတ် အရောင်အဆင်းမှာအလွန်မည်းနက်၍။ ပုပ်သည့်လက္ခဏာများပေါ်တတ်သည်။အကြိတ်ကွဲခဲ့လျှင် အခိုးအငွေ့များစွာထွက်လျက်။ချဉ်နံ့နံ့သော အရည်မည်းများစီးယို၍ထွက်တတ်သည်။အကြိတ်မှာအတွင်းသို့များစွာကျရောက်တတ်သည်ဖြစ်၍တခါတရံမြင်လောက်အောင်အကြိတ်မပေါ်။ဤအခါအနာရောဂါလက္ခဏာကိုသိရန်ခဲယဉ်းသည်။ ယေဘုယျအားဖြင့်ထင်ရှားသော အထူးလက္ခဏာများမှာ။လေးလံထိုင်း မှိုင်းခြင်း။ကျွဲအုပ်။ နွားအုပ်ရှိအဖော်ကျွဲနွားများရှိရာကတကောင်တည်း ခွဲခွါနေခြင်း။တုံခြင်း။ ကိုယ်လည်းများစွာပူခြင်း။အသက်ရှူပြင်း၍လာခြင်းများဖြစ်သည်။ အကြိတ်ကြီး၍ လာသည့်အခါယေဘုယျအားဖြင့်ဖြစ်သော လက္ခဏာများလည်းတိုးတက်ထင်ရှားလာပြီးလျှင်။ ဝမ်းနာ၍ညည်းတွားရမည်။ အသက်ရှူကြပ်ခြင်း။ အကြိတ်ရှိရာမှတပါးအရေပေါ်တွင် အခြားနေရာတိုင်း၌ပူခြင်း။အားအင်ဆိုး၍ ဆုတ်ယုတ်ခြင်းများဖြစ်၍ တိမ်းလည်း ပြီးနောက်။ အကြောဆွဲလျက်သေတတ်သည်။အချို့ကျွဲနွားများမှာ ယေဘုယျအားဖြင့်ဖြစ်သောလက္ခဏာများရှေးဦးစွာပေါ်တတ်သည်။ အချို့မှာအကြိတ်ရှေးဦးစွာပေါ်တတ်သည်။

ဤရောဂါမျိုးကျရောက်လျှင်။ အနည်းငယ်မျှသာ ရှင်တတ်သည်။ ရှင်လျှင် ခြောက်ရက်ခန့်အတွင်း ကောင်းစွာကျန်းမာတတ်သည်။ ဤ

ရောဂါကျရောက်သည့် တိရစ္ဆာန်များအနက်။ သေသည့်ကောင်ရေမှာ ၁၀၀ လျှင် ၉၀ ရှိ၏။ သို့မဟုတ် ၁၀၀ လုံးရှိ၏သေတတ်သည်။

အနာရောဂါ လက္ခဏာ များကိုကြည့်ရှု မှတ်သားရန်အကြောင်း။

အနာရောဂါ လက္ခဏာ များကိုကြည့်ရှု မှတ်သားရန်။ ။ဤအနာကိုလည်းချောင်းကွဲနာ၊ ဒေါင်းသန်းနာများနှင့် မှားယွင်း တတ်သည်၊ သို့သော် လည်းကြိတ်နာကျရောက်၍ ပေါက်သော အကြိတ်မှာအေး၍ အနာအကျင်မရှိ။ ဓါတ်ခိုး ဓါတ်ငွေ့ များနှင့်ဖေါင်းလျက်ရှိနေခြင်းကြောင့် ခြားနားသည်။ သေပြီးနောက် စမ်းသပ်စစ်ဆေး၍ကြည့်ရှုလျှင်။ သရက်ရွက်နှင့်သွေးများမှာရှိမြဲပြကတေအတိုင်း ရှိနေသည်ကိုတွေ့မြင်ရမည်။ ဒေါင်းသန်းနာနှင့်ဆိုင်သည့်အချက်တွင်။ အထက်အခန်း၌ ဖော်ပြခဲ့သည့်အတိုင်း။ သရက်ရွက်နှင့် သွေးများမှာ ထူးခြားမြဲဖြစ်သည်။ အနာရောဂါရင်းမြင်ကိုစိစစ်သည့်နည်းဖြင့်။ ကျွမ်းကျင်သူဆရာတို့ စစ်ဆေး ကြည့်ရှုရလျှင်။ ဤအနာရောဂါ သုံးမျိုးကိုလွယ်သင့်တကူခွဲခြား၍သိနိုင်ရာသည်။

ကုသနည်းအကြောင်း။

ကုသနည်း။ ။ရောဂါဖြစ်ပွါးတိုးတက်ခြင်းမှာ အလွန်မြန်သဖြင့်များသောအားဖြင့်ဆေးဝါးကုသခွင့် မရနိုင်။ ရပြန်လျှင်လည်း အကျိုးမရှိ။ အကြိတ်များကိုသံပူနှင့်ကပ်နိုင်သည်။ သို့မဟုတ်ခွဲ၍။ခွဲသောအနာကို အပုပ်အစပ်နိုင်သည့် ပြင်းသောဆေးထည့်လျှင်သာ၍ကောင်းသည်။ ဒေါင်းသန်းနာတွင်ထိုက်ရန်သင့်သကဲ့သို့အပုပ်အစပ်နိုင်သောဆေး ခံတွင်းပေါက်ဆေးများကိုတိုက်နိုင်သည်။

ခြေထောက်ဘက်တွင် အကြိတ်ပေါ်သည့်အခါ။ အကြိတ်အထက်နားကောင်းစွာ ကြပ်စည်းပြီးနောက် အကြိတ်ကိုခွဲ၍ အပုပ်အစပ်နိုင်သောဆေးကိုထည့်လျှင်ကောင်းသည်။

အနာ မကျမရောက် နိုင်ရန်တားဆီး ကာကွယ် ခြင်းအကြောင်း။

အနာမကျမရောက်နိုင်ရန်တားဆီးကာကွယ်ခြင်း။ ။အနာမကျမရောက်နိုင်အောင်တားဆီးကာကွယ်ရန်ဆေးထိုးရန်မှာ။ အမြဲအားဖြင့်အမြီးဖျားတွင် နှစ်ကြိမ်ထိုးရသည်။

အနာရောဂါကျရောက်တတ်သည့်စားကျက်များကို ရှောင်ကြဉ်၍ အခန်း-၁-တွင်ဖော်ပြထားသော နည်းလမ်းများကိုကြည့်ရှု၍ ၎င်းအတိုင်း လိုက်နာရမည်။ ကျွဲနွားအသေကောင်များကိုလည်း ကောင်းစွာသတိပြု၍စီမံခန့်ခွဲလိုက်ရမည်။

## အခန်း ၇။

---

## ဝမ်းရောင်ရောဂါအကြောင်း။

---

ဝည်သည့် အနာ ရောဂါ မျိုးဖြစ်ခြင်းအကြောင်း။

**အနာရောဂါအမျိုး။** ။ဤရောဂါသည်။ ပဌမအစာအိမ်အတွင်းလေပြည့်ကယ်သော ရောဂါဖြစ်သည်။

အနာရောဂါဖြစ်ရင်းအကြောင်း။

**အနာရောဂါဖြစ်ရင်း။** ။ဤရောဂါသည်စားမြဲမဟုတ်သောအစာကို စားမိသဖြင့်။ အစာရေစာ မမှန်ခြင်းကြောင့်။ ကျွဲနွားများတွင် ဖြစ်တတ်သော ရောဂါ ဖြစ်သည်။မိုးဦးကျ၍ပဌမမိုးတဖြိုက်ရွာပြီးနောက်။သစ်ရွက်နု။မြက်နုများ ပေါက်လာသည့်အခါ။ ရက်ပေါင်းအတော်ကြာအစာ ငတ်မွတ်လျက် နေသောကျွဲနွားတို့သည်။ လွန်ကျူးအောင်စားသောက်တတ်ကြသည် ဖြစ်၍။ ဝမ်းရောင်ရောဂါ ရတတ်ကြသည်။ ကျွဲနွား ထအုပ်ထဲတွင် ကျွဲနွားအများ သည်ကဲ့သို့ရောဂါရပြီးလျှင်။ကာပ်ရောဂါကဲ့သို့ နည်းနည်း ဖြစ်လာတတ်သည်။

အနာရောဂါလက္ခဏာ များ အကြောင်း။

**အနာရောဂါ လက္ခဏာများ။** ။အနာရောဂါလက္ခဏာ များမှာ။ အလျင်အမြန် တိုးတက်ပေါ်လာတတ်သည်။ ဝမ်းလက်ဝဲဘက် နောက်ပိုင်းတွင် ဖူးရောင်၍လာတတ်သည်။လက်နှင့်ပုတ်၍ကြည့်လျှင် ပဌမအစာအိမ်အတွင်း လေပြည့်ကယ်၍ နေသည်ကိုသိရလိမ့်မည်။ အခြားလက္ခဏာများမှာ အသက်ရှူကြပ်ခြင်း။လည်ဝင်းခြင်း။အော်ခြင်း။တောင့်လျက်မတ်တတ် ရပ်ခြင်း။မလှုပ်ရှားမသွားလာနိုင်ခြင်းများဖြစ်သည်။

ဝမ်းရောင်သည့်အရာမှာ တိုး၍ရောင်ပြီးလျှင်။ အခြား လက္ခဏာ များလည်းအမြန်တိုးတက်လာတတ်သည်။လှည်း၍အိပ်လျှင် အသက် ရှူတိုး၍ကြပ်သည်ဖြစ်၍။လှည်းပြီးနောက်ချက်ခြင်းထ၍ရပ်တတ်သည် အစာအိမ်အတွင်းပြည့်ကယ်လျက်ရှိနေသည့်လေကိုမထုတ်လျှင်။ခဏ ခြင်းခဏခြင်းအသက်ရှူ တိုး၍ကြပ်လာပြီးလျှင်။ ဝမ်းလည်း များစွာ ရောင်လျက်နောက်ဆုံး၌ မတ်တပ်မရပ်နိုင်ဘဲလှည်း၍ အသက်ရှူကြပ် သည်နှင့်သေတတ်သည်။

မည်မျှကြာရောဂါဖြစ်ခြင်း။ ။ဤရောဂါကိုအခြားရောဂါများနှင့် အလွန်မှားယွင်း တတ်သည်။ ရောဂါ တက် သည်မှာ အလျှင်အမြန် တက်ခြင်းကြောင့် တခါတရံအဆိပ်ကြောင့်ဖြစ်တတ်သည်ထင်မှတ်ရသည်။ပြင်းထန်စွာ ဖြစ်သည့်အခါ။ တနာရီကသုံးနာရီထိအတွင်းမျှသာခံတတ်သည်။ ၎င်း ထက်ကြာလျှင်ရှစ်နာရီက–၁၂–နာရီထိအတွင်းခံပြီးနောက်သေတတ် သည်။

မည်မျှကြာရောဂါဖြစ်
ခြင်းအကြောင်း။

ရောဂါမဖြစ်ရအောင်ကွယ်ကာခြင်း။ ။ကျွဲ နွားအုပ် တအုပ်အုပ် တွင်။ ကျွဲနွား တကောင်ကောင် ရောဂါ ဖြစ်သည့်အခါ။ ကျန် ကျွဲနွား များကို အစာလွန် ကျူးအောင်စားသဖြင့် ရောဂါရခြင်းကို မဖြစ်နိုင်အောင်။ မြက်စိုမြက် စိမ်း အနည်းငယ်ကျွေးရမည်။ မည်သည့်နည်းနှင့်မျှ အစာအမြောက် အမြားမကျွေးရ။

ရောဂါမဖြစ်ရအောင်
ကာကွယ်ခြင်းအကြောင်း။

## အခန်း ၇။

## ဝမ်းကျရောဂါအကြောင်း။

**အနာရောဂါအမျိုး။** မည်သည့်ရောဂါမျိုးဖြစ်ခြင်းအကြောင်း။ ။ဤအနာရောဂါသည် များသောအားဖြင့်။ အဖျားရောဂါသော်၎င်း။ ကိုယ်တွင် အခြားရောဂါသော်၎င်းမကပ်မရောက်ဘဲ။ မကြာမကြာဝမ်းသွားရောဂါဖြစ်သည်။ ကိုယ်တွင်အခြားရောဂါမရှိသော်လည်း ဝမ်းနာသည့်လက္ခဏာတခါတရံပေါ်တတ်သည်။ မကြာမကြာအကျူး အလွန်ဝမ်းအရည်သွားခြင်းမှာ။ အစာအိမ်နှင့်အူမများအတွင်း။ တစုံတရာတောက်ပြန်ခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့်ကျွဲငယ်နွားငယ်များဖြစ်သည့်အချက်တွင်။ တခါတရံဤရောဂါမျိုးသည်ကူးတတ်သော ရောဂါမျိုးဖြစ်တတ်သည်။

**အနာရောဂါဖြစ်ရင်း။** အနာရောဂါ ဖြစ်ရင်းအကြောင်း။ ။ဤအနာရောဂါဖြစ်ရင်းအကြောင်းမှာ။ မသန့်သောအစာ။ ပုပ်သောမြက်သစ်ပင်ငယ် စသည်များကို စားမိခြင်း။ မသန့်သော ရေများကိုသောက်မိခြင်းကြောင့်။ များသောအားဖြင့်ဖြစ်သည်။

အချို့မြေရာများတွင် ဤရောဂါမျိုးဖြစ်သည်မှာ။ ၎င်းမြေများ ပေါ်တွင်ပေါက်ပွါးသည့်မြက်သစ်ပင်ငယ်များကြောင့်ဖြစ်တတ်သည်။ ၎င်း မြေမျိုးများမှာ များသောအားဖြင့်။ ရေကောင်းစွာမစီးမဆင်းရသော စိမ့်မြေများဖြစ်တတ်သည်။ အစာရေစာရှားပါးသဖြင့်မသန့်သော မြက် သစ်ပင်ငယ်။ ပုပ်သောမြေကပ် သစ်ပင်ကလေးများကိုစားရ။ မသန့် သောရေများကို သောက်ရသောရာသီဥတုများတွင်ကျရောက်ဖြစ်ပွါး ခြင်းဖြစ်သည်။

ဝမ်းနှုတ်ဆေးများလွန်စွာတိုက်လျှင်လည်း။ ဝမ်းကျရောဂါဖြစ်တတ် သည်။ တနည်းအားဖြင့် အစာအိမ်နှင့် အူမများတွင် ပြည့်လွန်းလျှင် လည်း။ ဝမ်းကျရောဂါဖြစ်တတ်သည်။

အဆုတ်နာ။ အားဆုတ်ယုတ်စေတတ်သည့်အခြားရောဂါများဖြစ် ပွါး၍။ ကုသမရ နိုင်အောင်ရှိနေသည့်အခါများတွင်လည်းဝမ်းကျမြဲဖြစ် သည်။ ရုတ်တရက်အအေးမိသည့်အခါလည်းဝမ်းကျတတ်သည်။ အထူး သဖြင့်အူမတွင်ရောဂါရှိသည့်အခါ။ အအေးမိလျှင်ဝမ်းကျရောဂါသာ ၍ဖြစ်တတ်သည်။

အပူ ပြင်းပြစွာ မိလျှင်လည်း။ တခါတရံ ဝမ်းကျရောဂါ ဖြစ်တတ်သည်။ပဌမမိုးတပြိုက် ရွာပြီးနောက်။ မြက်နုပေါက်စမြေများတွင် စားကျက်ပြုလုပ်စားသောက်သည့်ကျွဲအုပ်။ နွားအုပ်များတွင်။ များသောအားဖြင့်ဝမ်းကျရောဂါဖြစ်တတ်သည်။

ဤရောဂါဖြစ်ခြင်းမှာ။များသောအားဖြင့်အူများအတွင်းရှိသည့်ပိုးမျိုးသန်များကိုအစွဲပြု၍ဖြစ်တတ်သည်။နွားငယ် ကျွဲငယ်များတွင်ကျရောက်တတ်သည့် ကူးတတ်သောဝမ်းကျရောဂါမှာ။ မွေးပြီးနောက်မကြာမီချက်မကျက်မီ။၎င်းချက်ကလေးထဲသို့ဓါတ်တမျိုးဝင်ရောက်ခြင်းကြောင့်ဖြစ်သည်ဟူ၍ပြောဆိုကြသည်။

အနာရောဂါ လက္ခဏာ။ ။ရှေးဦးစွာ ညှစ်ရခြင်းသော်၎င်း။နာကျင်ခြင်းသော်၎င်း။ မရှိဘဲမကြာမကြာဝမ်းအရည် သွား၍ လေလျှည့်ရမည်။ အစားအသောက်မပျက်ရှိတတ်သော်လည်း။ စား မြုံ့ပြန်ခြင်းအနည်းငယ် မမှန်ဖြစ်တတ်သည်။ နွားမဖြစ်လျှင်လည်းရှေးကထက် နို့ထွက် နို့ယိုလျော့တတ်သည်။ ကာလကြာမြင့်စွာ ဝမ်းဆက်လက်၍သွားလျှင်။ဝမ်းသွားသည့်အခါညှစ်ရလိမ့်မည်ဖြစ်၍ကျောကုန်း၍ လာလိမ့်မည်။ အနာကျရောက်သည့် တိရစ္ဆာန်မှာသန်သန်မာမာမရှိ။နုံးအားပိန်၍အမွေးများထောင်လျက်ရှိနေလိမ့်မည်။ အနည်းအများ နာကျင်သည့်လက္ခဏာထင်ရှားမည့်ပြင်။တခါတရံသွေးဝမ်းများလည်းသွားလိမ့်မည်။

*အနာရောဂါလက္ခဏာ များအကြောင်း။*

အူများအတွင်းရှိသည့်ပိုးများသော်၎င်း။ ၎င်းတို့ဥများသော်၎င်း။ ထွက်မထွက်ကိုသတိပြု၍မှတ်သားရမည်။

ကျွဲငယ်နွားငယ်များဖြစ်လျှင်။ ဝမ်းကျရောဂါဖြစ်တတ်သည့်အခါ။အဆစ်များတွင် ပူရှိန်နာကျင်လျက်ရောင်တတ်သည်။၎င်းကျွဲနွားငယ်များတွင်။ဖြစ်ပေါ်သောရောဂါလက္ခဏာမှာ။အမြဲအားဖြင့်အလွန်ပြင်းပြလျက်။သွားသောဝမ်းအရောင်အဆင်းမှာလည်း။များသောအားဖြင့်မြူတတ်သည်။

## အခန်း ၉။

## ချောင်းဆိုးနာအကြောင်း။

*မည်သည့် အနာရောဂါမျိုး။ ဖြစ်ခြင်းအကြောင်း။*

**အနာရောဂါအမျိုး။** ။ဤရောဂါသည် ထွက်သက် ဝင်သက်လေထွက်ဝင်ရာလည်ချောင်းနှင့် ၎င်းကဖြာ၍အဆုတ်သို့ဝင်သောအပေါက်များအတွင်း ရောင်သောအနာရောဂါဖြစ်သည်။ လည်ချောင်းနာကို ဂရုမပြုလျှင်။ ချောင်းဆိုးနာဖြစ်တတ်သည်။

*အနာရောဂါဖြစ်ရင်းအကြောင်း။*

အနာရောဂါဖြစ်ရင်း။ ။ကျွဲငယ်နွားငယ်များတွင်။ဤရောဂါမျိုး အနှံ့အပြား ကျရောက်သည့်အခါ။ အဆုတ်အတွင်းသို့ ဖြာ၍ဝင်သော လေပေါက်များတွင်။ အပ်ချည်မျှင်စကဲလေးများကဲ့သို့သော ပိုးကောင်ကလေးများရှိခြင်းကြောင့် အမြဲလောက်ပင် ဖြစ်သည်။ ဤပိုးကောင်ကလေးမျိုးက။ ဥကလေးများသည်။အစာနှင့်ရော၍သော်၎င်း။အခြားနည်းသော်၎င်း ပါပြီးလျှင်။ကိုယ်တွင်းသို့ရောက်၍ပိုးကောင်ကလေးများဖြစ်လာတတ်သည်။

ကျွဲကြီး-နွားကြီးများတွင်။ချောင်းဆိုးနာကျရောက်သည့်အခါ။အစိုအစွတ်-အအေးအချမ်းခံရ၍သော်၎င်း။ နှာစေးခြင်း။လည်ချောင်းနာခြင်းများကို ဖြစ်စေ တတ်သော-အကြောင်း တရပ်ရပ်ကြောင့် သော်၎င်း။များသောအားဖြင့်ဖြစ်တတ်သည်။ တခါတရံလည်ချောင်းနာဖြစ်သည့်အခါဖြစ်တတ်သည်။

*အနာရောဂါလက္ခဏာများအကြောင်း။*

**အနာရောဂါလက္ခဏာ။** ။ကျွဲကြီး-နွားကြီး များတွင် ဤရောဂါမျိုး ကျရောက်သည့်အခါ။ ပေါ်ထွက် သည့်လက္ခဏာများမှာ။ လည်ချောင်းနာဖြစ်သည့်အခါပေါ်ထွက်သည့်လက္ခဏာများနှင့်အလွန်တူသည်။ချောင်းဆိုးခြင်းမှာ။ ရှေးဦးစွာချောင်းခြောက်ဆိုးသဖြင့်။ အသံမှာလည်းခပ်ကြပ်ကြပ်ဖြစ်တတ်သည်။ အသက်ရှူမြန်၍လာပြီးလျှင်။ ထူးခြားသောအသက်ရှူသံကိုကြားရတတ်သည်။ လည်ချောင်းအောက်ပိုင်းကိုကပ်၍နားထောင်လျှင် ကောင်းကောင်းကြီး ထင်ရှားစွာကြားနိုင်သည်။ ၎င်းနောက်မကြာမီ လည်ချောင်းပေါက်နှင့်အဆုတ်သို့ဖြာ၍ဝင်ရာအခြားအပေါက်များကအကျိအချွဲထွက်သောကြောင့်။ ချောင်းဆိုးပျော့၍ လာပြီးလျှင် အသံမြည်မြည်ထွက်တတ်သည်။

ချောင်းဆိုးပြီးနောက်။ ချွဲသလိပ်။ နှပ်။နှာရည်များ အနည်းအများထွက်တတ်သည်။

ကျွဲငယ်-နွားငယ်များတွင် အပ်ချည်မျှင်စကလေးများကဲ့သို့သော ပိုးကောင်ကလေးများကျရောက်သည့်အခါ။အသံပြာပြာနှင့်ခဏခဏ ချောင်းဆိုးတတ်သည်။မကြာမကြာချောင်းဆိုးသည့်အခါအသံမှာအသက်ရှူသံတဝက်။ ချောင်းဆိုးသံတဝက်ဖြစ်တတ်သည်။ဤအခါအနာကျရောက်သည့်တိရစ္ဆာန်မှာ။ ချောင်းဆိုးလွယ်အောင်။ ရှေ့ခြေနှစ်ချောင်းကို ခွင်လျက်ရှေ့သို့ပစ်ပြီးလျှင်။ ခေါင်းနှင့်လည်ကိုအနည်းငယ်အောက်သို့စိုက်၍ စင်းလျက် နေတတ်သည်။ သည့်ကဲ့သို့ နေခြင်းမှာလည်း။ချောင်းဆိုးရာလေပေါက်များတွင်ရှိသည့်။ပြစ်သောအကျိအချွဲများတွင်တွယ်ကပ်လျက်ရှိသော။ ယားစေတတ်သောပိုးများကိုဖက်၍ ထုတ်ရန်အားစိုက်လျက် နေခြင်းဖြစ်သည်။ အနာ ကျရောက်သည့်တိရစ္ဆာန်များမှာ တဖြည်းဖြည်း အသားအရေ ဆုတ်ယုတ်၍။ပိန်ချုံးသွားပြီးနောက်။ခုနစ်ရက်နှစ်ပတ်သုံးပတ်အတွင်းသေတတ်သည်။

တကောင်တွင် အနာ ကျရောက်လျှင်။ ၎င်းအနာကျရောက်သည့်တိရစ္ဆာန် ရှိရာအုပ်က တိရစ္ဆာန်အများတွင်လည်း။ များသောအားဖြင့်အနာကျရောက်တတ်သည်။

အနာကျရောက်သည့်တိရစ္ဆာန်ကိုကောင်းမွန်လုံခြုံစွာထားလျှင်။

ကုသနည်းအကြောင်း။

အသက်ရှူရန်လေကောင်း လေသန့်ရနိုင်စေရမည်ဖြစ်၍။ အလုံးစုံပိတ်ကာ၍လှောင်လျက်နေသော။ ပေရေသောတင်းကုပ်များတွင် မထားရ။ ညဉ့်အခါချမ်းလျှင်။ နွေးအောင်သက္ကလပ်စောင်ခြုံ၍။ ကောင်းစွာသွေ့ခြောက်သောအိပ်ရာတွင်။အိပ်စေရမည်။အစာကျွေးသည့်အခါဆားများစွာထည့်၍ကျွေးရမည်။

တိရစ္ဆာန်အများတွင် အနာကျရောက်လျှင်။ တင်းကုပ်အတွင်းနေ့စဉ်သွင်း၍။တံခါးများ။ပြူတင်းပေါက်များကိုပိတ်ပြီးနောက်။ကန့်ကိုမီးရှို့ခြင်းမှာ။ ကောင်းသောအရာဖြစ်သည်။ ကန့်ခိုးကန့်ငွေ့များကိုရှူသည့်အခါချောင်းဆိုး၍လာလိမ့်မည်။ ချောင်းဆိုးအားကြီး၍ စိတ်ညစ်ညူးသည့်လက္ခဏာပေါ်လာလျှင်။ တင်းကုပ်တွင့်၍ကန့်ခိုးကန့်ငွေ့ကိုလည်းသိမ်းလိုက်ရမည်။ ကန့်ခိုကန့်ငွေ့ကို ခံစေသည့်အခါ။ မည်သို့ဖြစ်လာသည်ကိုစောင့်၍ကြည့်ရန်တင်းကုပ် အတွင်း တိရစ္ဆာန်များနှင့်အတူထိန်းကျောင်းသူတယောက်ရှိနေရမည်။ ကန့်ခိုးကန့်ငွေ့ကိုတရက်ခြားတရက်ခြားထပ်၍ခံစေနိုင်သည်။ဤရောဂါမျိုးဖြစ်ပွါးသည့်အခါ။တတ်ကျွမ်းသူဆေးဆရာတို့က။အသက်လေထွက်ဝင်ရာလည်ချောင်းအတွင်းဆေးသွင်းတတ်ကြသဖြင့်။ကောင်းစွာအကျိုးခံစားကြရဘူးသည်။

## အခန်း ၁၀။

## အဆိပ်တက်နာအကြောင်း။

အဆိပ်အမျိုးအစားအကြောင်း။

ကျွဲ နွားများသည်။ အစာတွင်အမှတ်မဲ့အဆိပ်ရောဂါစားသောက်မိ၍ဖြစ်စေ။ရာဇဝတ်မကောင်းအောင်သေစေလိုသောသဘောနှင့် လူက တမင်အဆိပ်ကျွေးရာစားမိ၍ဖြစ်စေ။ အဆိပ်ကြောင့် သေတတ်သည်။ တခါတရံကျွဲနွားစားသောက်ရန် အစာကောင်းဖြစ်သော သစ်ပင်ငယ်များပင်ဖြစ်သော်လည်း။အခြေအနေကိုလိုက်၍။အလွန်အကျူးစားမိလျှင်။အဆိပ်တက်သည့်လက္ခဏာပေါ်ထွက်တတ်သည်။

အဆိပ်အမျိုးအစား။ ။အဆိပ်မှာ သစ်ပင်သစ်ရွက်ကဖြစ်သော အဆိပ်သော်၎င်း။သတ္တုကဖြစ်သောအဆိပ်သော်၎င်းဖြစ်တတ်သည်။

အဆိပ်ကျွေးနည်းအကြောင်း။

အဆိပ်ကျွေးနည်း။ ။ကျွေးမြဲနည်းလမ်းမှာ။အဆိပ်ကိုထောပတ်နှင့်ဖြစ်စေ။ဂျုံမှုန့်နှင့်ဖြစ်စေရော၍။ငှက်ပျောရွက်။ သို့မဟုတ်အခြားသစ်ရွက်တစုံတရာနှင့်ထုပ်ပြီးလျှင်။ နွားပါးစပ်ထဲသို့ခွန့်ခြင်းဖြစ်သည်။ သို့မဟုတ်အစာစား၍နေစဉ်။၎င်းနွားစားရန်။၎င်းနွားရှေ့မြေပေါ်တွင်ချထားခြင်းဖြစ်သည်။

တနည်းမှာ။စားသောက်ဘွယ်ကောင်းသောကျွဲ နွားအစာပေါ်တွင်အဆိပ်ကိုဖြူးထားခြင်းဖြစ်သည်။

တတိယနည်းမှာ။ ကိုယ်၌မည်သည့်နေရာတွင်မဆို။ ချွန်သော်ကိရိယာတန်ဆာနှင့်အရေကို ထိုးဖောက်၍သော်၎င်း။စအိုကသော်၎င်း။ သွင်းခြင်းဖြစ်သည်။

အသုံးပြုမြဲအဆိပ်မှာ။စိန်ဖြူနှင့်သော်၎င်း။စိန်ဝါနှင့်သော်၎င်းဖော်သောအဆိပ်ဆေးဖြစ်သည်။ ။များသောအားဖြင့်စိန်ဖြူကိုအသုံးပြုတတ်သည်။ တခါတရံသစ်ပင်သစ်ရွက်အဆိပ်ဖြစ်သော။ အေကိုနိုက်–ခေါ်အဆိပ်။နတ်ပိုမိကာ–ခေါ် အဆိပ်စသော အဆိပ်မျိုးများကို အသုံးပြုတတ်သည် ။ကူးတတ်သည့်ကျွဲနွားရောဂါကျရောက်သည်ကိုအမှီပြု၍။မကြာမကြာ အဆိပ်ခတ်ခြင်းကို။ အများ အပြား ပြုလုပ်တတ်သည့်လက္ခဏာရှိသည်။ ဥပမာ ဒိစတြိတ်နယ်တနယ်တွင် ကျောက်ပေါက်ရောဂါအနံ့အပြားကျရောက်ဖြစ်ပွါးရှိသည့်အခါ အဆိပ်ခတ်ခြင်းဖြင့်။

သားရေ များစွာ တိုး၍ ရသည်။ ကျောက် ပေါက် ရောဂါ ကူးတတ် ကြောင်းကို။သားရေစုသမားတို့ကသိသဖြင့်။ ၎င်းရောဂါနှင့်သေသော ကျွဲနွားက အစာအိမ်နှင့်အူများကို။ ကူးတတ်သောကျွဲ နွားရောဂါကျ ရောက်မရှိရာ ခရီးဝေးကွာသော ကျေးရွာတရွာရွာသို့ ဆောင်ယူပြီး လျှင်။ ၎င်းကျေးရွာရှိ ကျွဲနွားများတွင်။ အနာကျရောက်စေရန်မှစ၍။ သားရေအလို့ငှါနည်းလမ်းသစ်တခုရရန်။ စားကျက်များတွင်ကြဲဖြန့်၍ ထားကြောင်းကိုလည်း။ရေးမှတ်ထားသည့်အရာရှိသည်။

တခါတရံ ကျွဲနွားများသည်ကြက်ဆူပင်ကြက်ဆူစေ့များကိုစားခြင်း ကြောင့်၎င်း။ မိုးခေါင်၍ အစာရေစာရှားပါးသည့် ရာသီ ဥတုများ တွင်ပူစပ်သောသစ်ပင်သစ်ရွက်များကိုစားမိခြင်းကြောင့်၎င်း။အဆိပ် တက်တတ်သည်။

လက္ခဏာ။ ။နွားထီးဖြစ်စေ။ နွားမဖြစ်စေ။ အဆိပ်ကိုအမြောက် အမြားဘာသာအလျောက်သော်၎င်း။ကျွေး၍ သော်၎င်း။ စားမိသည့် အခါပေါ်ထွက်တတ် သည့် လက္ခဏာများမှာ။ ရုတ်တရက် မကျန်းမမာဖြစ်ပြီးနောက် တုံ၍ တက်ခြင်း။ပြင်းပြစွာဝမ်းတွင်းကနာသဖြင့်။ နောက်ခြေနှင့်သော်၎င်း။ ဦးချိုနှင့်သော်၎င်း။ဝမ်းဗိုက်ကိုပုတ်ခတ်ခြင်း။ ဒွေခြင်း။နံဘေးများသို့ စောင်း၍ကြည့်ခြင်း။ ပါးစပ်က အမြှုပ်ထွက်ခြင်းများဖြစ်ရမည်။ ရေ ငတ်ရမည်။ မကြာမကြာမေးကြောဆွဲ၍တွန့်လိမ်ရမည်။ဝမ်းပြည့်ဝမ်း ကယ်သည့်လက္ခဏာပေါ်ရမည်။ မကြာမကြာဝမ်းသွားပြီးလျှင်။ ဝမ်း ကျရောဂါပေါ်လာလျက်။ဝမ်းတွင်အနည်းအများသွေးလည်းပါရမည်။ များသောအားဖြင့်–၂–နာရီက–၄–နာရီအတွင်းသေတတ်သည်။ သေ သည့်ကာလအပိုင်းအခြားမှာ။ များသောအားဖြင့်ကျွေးသည့်အဆိပ် အနည်းအများ။အဆိပ်အမျိုးအစားကိုလိုက်၍ဖြစ်တတ်သည်။

အဆိပ် တက်သည့်လက္ခ
ဏာများအကြောင်း။

ကုသနည်း။ ။အဆိပ်ခတ်ကျွေးသည့်အခါ။များသောအားဖြင့်။ အမြောက်အမြား ခတ်ကျွေးတတ်သည့် တ ကြောင်း။အဆိပ်ဖြေဆေးများလည်း။ကျွဲရှင် နွားရှင်တို့လက်တွင်အသင့်မရှိဖြစ်တတ်သည်တကြောင်းများကြောင့်။ ကုသသော်လည်းအကျိုးမရှိ။အချည်းနှီးဖြစ်တတ်သည်။

ကုသနည်းအကြောင်း။

## အခန်း ၁၁။

## ဆေးနည်းများအကြောင်း။

အိန္ဒိယအချိန်အတွယ်။ အခြင်အတွယ်နှင့်။ အင်္ဂလိပ် အချိန်အတွယ်။ အခြင်အတွယ်များကို နည်းနိုင်သမျှနည်းအောင်ညှိနှိုင်းထားသည်။

ဆေးနည်းများတွင်ပါသည့်အချိန်အတွယ်နှင့်။အခြင်အတွယ်များမှာ။အောက်ပါစာရင်းအတိုင်းဖြစ်သည်။

### အချိန်အတွယ်။

| | | | |
|---|---|---|---|
| ၁ စကာရူပထီ | ... | ... | မူးတစေ့။ |
| ၁ ဒရမ်း | ... | ... | မူး ၃ ၄စ္ပ။ |
| ၃ ဒရမ်း | ... | ... | ၁ တိုလာ။သို့မဟုတ်ဒင်္ဂါးတကျပ်။ |
| ၁ အောင်စ | ... | ... | ၁/၂ ချစ်တက်။သို့မဟုတ် ၂ ၁/၂ တိုလာ။ |
| ၁ ပေါင် | ... | ... | ၈ ချစ်ထက်။သို့မဟုတ် ၁/၂ ဆိယာ။ |

### အခြင်အတွယ်။

| | | | |
|---|---|---|---|
| ၁ မိနင် | ... | ... | ၁ စက်။ |
| ၁ အရည်ဒရမ်း | ... | ... | အစက်ရေ ၆၀။ |
| ၄ အရည်ဒရမ်း | ... | ... | ၁/၈ ချစ်တက်။ |
| ၈ အရည်အောင်စ | ... | ... | ၁/၂ ချစ်တက်။ |
| ၁ ပိုင် | ... | ... | ၁၀ ချစ်တက်။ |
| ၁ ကွတ် | ... | ... | ၂၀ ချစ်တက်။သို့မဟုတ် ၁ ၁/၄ ဆိယာ။ |
| ၁ ဂယ်လံ | ... | ... | ၅ ဆိယာ။ |

ဆေးအချိန်အတွယ်။အခြင်အတွယ်များမှာ။ တိရစ္ဆာန်အသက်အရွယ်ကိုလိုက်၍ဖြစ်စေရမည်။ အသက်-၂-နှစ်ရှိ ကျွဲ နွားနှင့်သိုးများဖြစ်လျှင်ဆေးနည်းပါအချိန်အတွယ်။ အခြင်အတွယ်အတိုင်းတိုက်နိုင်သည်။

အောက်ပါဆေးနည်းများတွင် ပါသည့်အချိန်အတွယ်။ အခြင်အတွယ်များမှာ။အခြားနည်းတော်ပြလျက်မပါလျှင်။ကျွဲကြီးနွားကြီးများအတွက်ဖြစ်သည်။ သိုးများဆိတ်များဖြစ်လျှင်။ ကျွဲနွားများကို တိုက်သည့်ဆေး။ခြောက်ပုံတပုံခန့်တိုက်နိုင်သည်။

အခြားနည်းတော်ပြလျက်မပါလျှင်။အောက်ပါအပကာ။သုတ်လိမ်းအုံကပ်ရန်ဆေးများကိုကျွဲနွားများ။သိုးများအတို့အသုံးပြုနိုင်သည်။

## ဝမ်းနှုတ်ဆေး။

၁။

| | | | |
|---|---|---|---|
| ဆား။သို့မဟုတ်ဆားခါး | ... | ... | ၁၂ အောင်စ = ၆ချစ်တက်။ |
| ရှားစောင်းလက်ပတ်စေး(မှတ်) | | ... | ၄ ဒရမ်း = ၁/၄ ချစ်တက်။ |
| ချင်း | ... | ... | ... ၄ ဒရမ်း = ၁/၂ ချစ်တက်။ |
| ထင်လဲ | ... | ... | ... ၈ အောင်စ = ၄ ချစ်တက်။ |

ဤဆေးစုကို (၁/၄ ဆီယာ) ကွပ် အခြင်အတွယ် ၁ ရှိ ရေနွေးတွင် ကောင်းစွာရောစပ်၍နွေးနွေးတိုက်။

ဤဆေးစုအတိုင်းမှာ။ကျွဲကြီးနွားကြီးများအတို့ဖြစ်သည်။ အသက်အလတ်စားဖြစ်သည့် တိရစ္ဆာန်ငယ်များဖြစ်လျှင်။ ၎င်းတဝက်တိုက်။ သိုးကြီးများဖြစ်လျှင် ခြောက်ပုံတပုံတိုက်။

၂။

| | | | |
|---|---|---|---|
| ပိုက်ဆံစေ့ဆီ | ... | ... | ၁၀ အောင်စ = ၅ချစ်တက်။ |
| ထံလွှင်ဆီ ... | ... | ... | ၁၀ အောင်စ = ၅ချစ်တက်။ |
| ကရိုဟံခေါ်ဆီ(ဂုဆီ) | ... | ... | ၃၀ မိနင် = အစက် ၃၀။ |

ဤဆေးစုကိုရောစပ်၍ ဝမ်းနှုတ်ဆေးအလို့ငှါ အသက်ကြီးသောတိရစ္ဆာန်များကို တိုက်နိုင်သည်။ သိုးဖြစ်လျှင် ၎င်းဆေး အတိုင်း တွင် ခြောက်စုတစုတိုက်။

## ဝမ်းပျော့စေတတ်သော်ဆေး။

၃။

| | | | |
|---|---|---|---|
| ဆား | ... | ... | ... ၄ အောင်စ = ၂ ချစ်တက်။ |
| ကန့်မှုန့် | ... | ... | ... ၃ အောင်စ = ၁၁/၂ ချစ်တက်။ |
| ချင်းမှုန့် | ... | ... | ... ၄ ဒရမ်း = ၁၁/၄ တိုလာ။ |
| ထင်လဲ | ... | ... | ... ၃ အောင်စ = ၁၁/၂ ချစ်တက်။ |

ဤဆေးစုကို (၁၃/၄ ဆီယာ) ကွပ်အခြင်အတွယ်-၁-ရှိ ရေနွေးတွင် ကောင်းစွာရောစပ်၍ပျော်ပြီးလျှင်။ နွေးနွေးတိုက်ရမည်။ သိုးများဖြစ်လျှင်၎င်းဆေးအတိုင်းတွင်ခြောက်စုတစုတိုက်ရမည်။

၄။

| | | | |
|---|---|---|---|
| ကြွက်ဆူဆီ ... | ... | ... | ၀၀အောင်စ = ၅ ချစ်တက်။ |
| ပိုက်ဆံစေ့ဆီ | ... | ... | ၆ အောင်စ = ၃ ချစ်တက်။ |

ဤဆေးစုကိုရောစပ်၍ဝမ်းပျော့ပျော့သွားသောဆေးအဖြစ်တိုက်။

## အဖျားရောဂါဆေး။

၅။

| | | | | |
|---|---|---|---|---|
| ပရုတ် | ... | ... | ... | ၂ ဒရမ်း = မှူး-၆ စေ့။ |
| ယမ်းစိမ်း | ... | ... | ... | ၃ ဒရမ်း = ၁ ထိုလာ။ |
| ဆန်အရက် | ... | ... | ... | ၂ အောင်စ = ၁ ချစ်တက်။ |

ပရုတ်ကိုအရက်တွင်ထည့်၍သမအောင်ဖျော်။ ၎င်းတွင်ယမ်းစိမ်းတိုထည့်၍။ကွပ်အခြင်အတွယ်-၁-ရှိရေအေးနှင့်တိုက်။

၆။

| | | | | |
|---|---|---|---|---|
| ဆား | ... | ... | ... | ၁ အောင်စ = ၂ ၁/၂ ထိုလာ။ |
| ယမ်းစိမ်း | ... | ... | ... | ၄ ဒရမ်း = ၁ ၃/၄ ထိုလာ။ |
| ဆေးခါးကြီးအမှုန့် | | ... | ... | ၁ အောင်စ = ၂ ၁/၂ ထိုလာ။ |
| တင်ထဲ | ... | ... | ... | ၄ အောင်စ = ၂ ချစ်တက်။ |

ဤဆေးစုကိုကွပ်အခြင်အတွယ်-၁-ရှိရေအေးနှင့်ဖျော်၍တိုက်။

## ခံတွင်းပေါက်ဆေး။

၇။

| | | | | |
|---|---|---|---|---|
| အရက် | ... | ... | ... | ၄ အောင်စ = ၂ ချစ်တက် |
| ချင်းမှုန့် | ... | ... | ... | ၁ အောင်စ = ၁/၂ ချစ်တက်။ |
| ဖြုတ်ကောင်းမှုန့် | | ... | ... | ၁/၂ အောင်စ = ၁/၄ ချစ်တက်။ |

ဤဆေးစုကိုကောင်းစွာရောစပ်၍ကွပ်အခြင်အတွယ်-၁-ရှိရေနှင့်ဖျော်၍တိုက်။

၈။

| | | | | |
|---|---|---|---|---|
| ဇဝက်သာ | ... | ... | ... | ၁/၂ အောင်စ = ၁/၄ ချစ်တက်။ |
| ချင်းမှုန့်။သို့မဟုတ်အိမ်မန်ခေါ်ဆေး | | | ... | ၃ ဒရမ်း = ၁ ထိုလာ။ |

ဤဆေးစုကိုရော။ ကွပ်အခြင်အတွယ်-၁-ရှိ ရေအေးနှင့် ဖျော်၍တိုက်။

## အားတိုးဆေး။

၉။

| | | | | |
|---|---|---|---|---|
| ပါလဒုတ္တာ | ... | ... | ... | ၃ ဒရမ်း = ၁ ထိုလာ။ |
| ဆား | ... | ... | ... | ၁ အောင်စ = ၁/၂ ချစ်တက်။ |

ဤဆေးစုကို အမှုန့်ကြိတ်၍ နေ့စဉ် တခွက်ကျတိုက်။ သိုးများဖြစ်လျှင်။၎င်းဆေး ခြောက်စုတစုနေ့စဉ်တိုက်။

၁၀။

| | | | |
|---|---|---|---|
| ပိုက်ဆံစေ့ဆီ... | ... | ... | ၃ ဒရမ်း = ၁ တိုလာ။ |
| ဆေးခါးကြီး... | ... | ... | ၁ အောင်စ = ၁/၂ ချစ်တက်။ |
| ပါလာ ... | ... | ... | ၃ ဒရမ်း = ၁ တိုလာ။ |
| အိုမန်းခေါ်ဆေး | ... | ... | ၃ ဒရမ်း = ၁ တိုလာ။ |

ဤဆေးစုကိုကောင်းစွာရောစပ်၍နေ့စဉ်အခါ၁နှင့်ကျွေး။

သွေးဆေး။

၁၁။

| | | | |
|---|---|---|---|
| ယမ်းစိမ်း ... | ... | ... | ၃ ဒရမ်း = ၁ တိုလာ။ |
| ကန့် ... | ... | ... | ၁ အောင်စ = ၁/၂ ချစ်တက်။ |
| ချင်း ... | ... | ... | ၁ အောင်စ = ၁/၂ ချစ်တက်။ |

ဤဆေးစုကိုကောင်းစွာရော၍ကာစီရည်ကြဲကြဲနှင့်ဖြစ်စေ၊ အစာနှင့်ဖြစ်စေ။တနေ့လျှင်တကြိမ်နှစ်ကြိမ်ကျွေး။

၁၂။

| | | | |
|---|---|---|---|
| ရှားစောင်းလက်ပတ်စေး(မှတ်) | | ... | ၃ ဒရမ်း = ၁ တိုလာ။ |
| ထား ... | ... | ... | ၁ အောင်စ = ၁/၂ ချစ်တက်။ |
| ချင်း ... | ... | ... | ၁ အောင်စ = ၁/၂ ချစ်တက်။ |
| ကန့် ... | ... | ... | ၁ အောင်စ = ၁/၂ ချစ်တက်။ |

ဤဆေးစုကို အဘုံးလုံးကောင်းစွာအမှုန့်ပြု။ တင်လဲ-၄-အောင်စ။ သို့မဟုတ်-၂-ချင်တက်နှင့်ရော။ ကွပ်အခြင်အတွယ်-၁-ရှိ ဆန် ကာစီရည်ပူကြဲကြဲတွင် ကောင်းစွာဖျော်၍ နှစ်ရက်တကြိမ်။သုံးရက်တကြိမ် မွှေးနွေးတိုက်။

ဓါတ်ချုပ်ဆေး။

၁၃။

| | | | |
|---|---|---|---|
| မြေပြုမှုန့် ... | ... | ... | ၁ အောင်စ = ၁/၂ ချစ်တက်။ |
| ရှားစေး ... | ... | ... | ၁/၂ အောင်စ = ၁/၄ ချစ်တက်။ |
| ချင်း ... | ... | ... | ၁/၂ အောင်စ = ၁/၄ ချစ်တက်။ |
| ဘိန်း ... | ... | ... | ၁ ဒရမ်း = မူး ၃ စေ့။ |
| အရက် ... | ... | ... | ၂ အောင်စ = ၁ ချစ်တက်။ |

ဤဆေးစုကို ကောင်းစွာရောစပ်၍ ပိုက်ဆံစေ့ ကာစီရည် တပိုင်နှင့် ဖျော်၍တိုက်။ဝမ်းကျမရပ်မခြင်းနံနက်ညတိုက်နိုင်သည်။

ကျွဲငယ်နွားငယ်များဖြစ်လျှင်။ အထက်ဆေး-၄-စုတစုတိုက်။ သိုးကြီးများဖြစ်လျှင်။ခြောက်စုတစုတိုက်။သိုးငယ်များဖြစ်လျှင်ဆယ့်နှစ်စုတစုတိုက်။

၁၄။

ဒုဇ္ဇာ ... ... ... ၃ ဒရမ်း = ၁ တိုလာ။
ရေ ... ... ... ၁ ကွပ် = ၁နှံ့ဆိယာ။

ဤဆေးနှစ်မယ်ကိုဖျော်၍တိုက်။

အိပ်ပျော်ဆေး။

၁၅။

တင်းခေါ်ဆေးကြောက်။ ... ... ၃ ဒရမ်း = ၁ တိုလာ။
သို့မဟုတ် သို့မဟုတ်
ချာရတ်ခေါ်ဆေးကြောက် ... ... ၁ ဒရမ်း = မှူး ၃ ဓွေ။
ရှိန်းခို ... ... ၃ ဒရမ်း = ၁ တိုလာ။
အရက်ကြမ်း ... ... ၄ အောင်စ = ၂ ချစ်ထက်။

ဤဆေးစုကိုကောင်းစွာရောပြီးနောက်။ ကွပ်အခြင်အတွယ်-၁-ရှိ ရေနှင့်ဖျော်၍တိုက်။

၁၆။

တာရပြင်ဆီ ... ... ၁ အောင်စ = ချစ်တက်။
ပိုက်ဆံစေ့ဆီ ... ... ၁ ပိုင် = ၁၀ချင်တက်။

ဤဆေးနှစ်မယ်ကိုရော၍တိုက်။

၁၇။

ထိန်း ... ... ... ၃ ဒရမ်း = ၁ တိုလာ။
ရှိန်းခို ... ... ... ၃ ဒရမ်း = ၁ တိုလာ။
ချင်း ... ... ... ၃ ဒရမ်း = ၁ တိုလာ။
ဖြုတ်ကောင်း ... ... ၃ ဒရမ်း = ၁ တိုလာ။
အရက်ကြမ်း ... ... ၄ အောင်စ = ၂ ချစ်ထက်။

ဤဆေးစုကိုအားလုံးကောင်းစွာအမှုန့်ပြုအရက်နှင့်ဖျော်။ ကွပ်အခြင်အတွယ်-၁-ရှိရေတွင်ရော၍တိုက်။

လုပ်ကျင်းဆေး။

၁၈။

ကျောက်ချဉ် ... ... ၄ ဒရမ်း = ၁နှံ့ တိုလာ။
ရေ ... ... ... ၁ ပိုင် = ၁၃ ချစ်တက်။

ဤဆေးနှစ်မယ်ကိုဖျော်၍ လုပ်ကျင်းနိုင်သည်။ သို့မဟုတ် အနာကျက်အောင်ထည့်နိုင်သည်။

၁၉။

လက်ချား... ... ... ၄ ဒရမ်း = ၁နှံ့ တိုလာ။
ရေ ... ... ... ၁ ပိုင် = ၁၁ ချစ်တက်။

ဤဆေးနှစ်မယ်ကိုဖျော်၍လုပ်ဆေးနိုင်သည်။သို့မဟုတ်အနာကျက်အောင်ထည့်နိုင်သည်။

## သန့်ကျဆေး။

### ၂၀။

| | | | |
|---|---|---|---|
| တာရပြင်ဆီ | ... | ... | ၂ အောင်စ=၁ ချစ်တက်။ |
| ပိုက်ဆံစေ့ဆီ | ... | ... | ၁ ပိုင် =၁၀ ချစ်တက်။ |

၁၂-နာရီအစာမကျေးဘဲထားပြီးနောက်။ဤဆေးစုကိုတိုက်။

### ၂၁။

| | | | |
|---|---|---|---|
| ထား ... | ... | ... | ၂ အောင်စ =၁ ချစ်တက်။ |
| ပါလဒုဏ္ဏာမှုန့် | ... | ... | ၁/၂ အောင်စ =၁/၄ ချစ်တက်။ |
| ကန့်မှုန့် ... | ... | ... | ၁ အောင်စ=၁/၂ ချစ်တက်။ |

ဤဆေးစုကိုကွပ် အခြင်အတွယ်-၁-ရှိရေ နှင့်ဖျော်ပြီးလျှင်။ ခုနစ်ရက်တပတ်ခန့်တနေ့လျှင် နှစ်ကြိမ်ကျတိုက်။ ၎င်းနောက်ဝမ်းနုတ်ဆေးကိုတိုက်။ဆေးနည်းနံပါတ်-၁-ကိုကြည့်။

### ၂၂။

| | | | |
|---|---|---|---|
| ရှိန်းခို ... | ... | ... | ၁/၂ အောင်စ=၁/၄ ချစ်တက်။ |
| ကန့်မှုန့် ... | ... | ... | ၁ အောင်စ=၁/၂ ချစ်တက်။ |

ဤဆေးစုကို။ဆေးနည်းနံပါတ်-၂၁-အမှာအတိုင်းတိုက်။

## ဝဲသုတ်သိမ်းဆေး။

### ၂၃။

| | | | |
|---|---|---|---|
| ကန့်မှုန့် ... | ... | ... | ၄ အောင်စ=၂ ချစ်တက်။ |
| ဖေန်ဆီ ... | ... | ... | ၄ အောင်စ=၁ ချစ်တက်။ |
| ရှေခေါ်မုံလာစေ့ဆီ | ... | ... | ၁ ပိုင် =၁၀ ချစ်တက်။ |

ဤဆေးစုကို သမအောင်ဖျော်၍။ ဝဲရှိရာတွင် တနေ့လျှင် နှစ်ကြိမ်ကျပွတ်၍လိမ်း။

### ၂၄။

| | | | |
|---|---|---|---|
| ဖိန် ... | ... | ... | ၁ စု။ |
| ရေ ... | ... | ... | အစု ၁၀၀။ |

ဤဆေးမှာ။သိုးကိုစိမ်ရန်ကောင်းသောဆေးဖြစ်သည်။

### ၂၅။

| | | | |
|---|---|---|---|
| ဆေးရွက်ကြီး | ... | ... | ၁ စု။ |
| ရေ ... | ... | ... | ၁၀ စု။ |

ဆေးရွက်ကြီးကိုရေနှင့်နာရီဝက်ခန့်ပြုတ်ပြီးနောက်။ အရည်ကိုစစ်၍ယူလျှင်။သိုးကိုစိမ်ရန်ဆေးအဖြစ်အသုံးပြုနိုင်သည်။

## အနာသုတ်လိမ်းဆေး။

၂၆။

ပရုတ် ... ... ... ၄ ရူ။
နှံ့ဆီ ... ... ... ၄ ရူ။

၂၇။

စီနစ်မြို့ထွက်တာရပြင်ဆီ ... ... ၁ ရူ။
နှံ့ဆီ ... ... ... ၈ ရူ။

တာရပြင်ဆီကို သံလွင်ဆီတွင်ထည့်၍။ အရည်ပျော်အောင်ကြိုပြီး နောက်အရည်ကိုစစ်၍ယူ။

၂၈။

ဒုတ္တာမှုန့် ... ... ၁ ဒရမ်း = မူး-၃-ပဲ။
ရေပူ ... ... ... ၁ ပိုင် = ၁၀ ချစ်ထက်။

ဤဆေးစုကိုဖျော်၍။ အေးလျှင်အလိုရှိသည့်အတိုင်းသုံး။

၂၉။

မြေဖြူမှုန့် ... ... ၄ အောင်စ = ၂ ချစ်တဲက်။
စီးသွေးမှုန့် ... ... ၁ အောင်စ = ၃/၅ ချစ်ထက်။
ကျောက်ချဉ်မှုန့် ... ... ၃/၅ အောင်စ = ၃/၄ ။ ချစ်ထက်။
ဒုတ္တာမှုန့် ... ... ၃/၅ အောင်စ = ၃/၄ ချစ်ထက်။

ဤဆေးစုကိုရောစ၍အမှုန့်ပြု။ အနာတွင်လိမ်းရန်အသုံးဝင်သည်။ အထူးသဖြင့်အနာစိမ်းများနှင့်။ လျှာနာခွါနာများတွင်အသုံးဝင်သည်။

## ပွတ်ဆေး။

၃၀။

တာရပြင်ဆီ }
မှိုညှင်းဆီ } အမျှစီ။

ဤဆေးနှစ်မယ်ကိုရောပြီးလျှင်ပွတ်၍လိမ်း။

## ဝမ်းချူသည့်ပြွန်တံလုပ်နည်းနှင့်ဝမ်းချူနည်း။

အလျားတပေခန့်။ အချင်းလက်မဝက်ခန့်ရှိ အခေါင်းပေါက်ဝါးလုံး ငယ်တခုကို။ အဖျားမထက်စေရ။ အဖျားတုံးအောင်လုပ်။ ရေ-၁-ဆီယာခွဲခန့်ဝင်အောင်အလျားတပေခွဲ။ အနံ-၄-လက်မ-၅-လက်မခန့်ရှိသားရေအိတ်ရှည် တလုံးကိုလည်းချုပ်။ ဝါးလုံးအဖျား တစောက် ဝင်သောအောင် ၎င်းအိတ်အောက်ဘက်တွင် အပေါက်တပေါက်ဘောက်။ ဝါးလုံးခေါင်း ပေါက်ကမှတပါး။ ဝါးလုံးနှင့်သားရေ အကြားက ရေမယိုအောင် ၎င်းဝါးလုံးနှင့် သားရေပေါ်တွင် ကြိုးနှင့်ခိုင်စွာချည်။ ဝမ်းချူမည့်အခါ ဝါးလုံးကိုဆီကောင်းစွာသုတ်။ ၎င်းနောက်စအိုထဲသို့သွင်း၍

လက်တဘက်နှင့် ကိုင်ထား။ အခြားလက်တဘက်နှင့် အိတ်ဝကို တိရစ္ဆာန်ကျောနှင့်ညီအောင်မြှောက်၍ကိုင်ပြီးလျှင်။ တယောက်ယောက်ကိုအိတ်ဝထဲသို့ ဝမ်းချုဆေးကိုလောင်း၍အသွင်းခိုင်း။ အရူမထဲသို့တဖြည်းဖြည်းဝင်လိမ့်မည်။

ဝမ်းချုရန်ရေမှာပူမြဲဖြစ်စေရမည်။ သို့သော်လည်းမကိုင်နိုင်အောင်မပူစေရ။

ရေပူတွင်ဆပ်ပြာမြှုပ်ဖြစ်အောင်ဆပ်ပြာရောရမည်။

## ဆေးရည်ကိုတိုက်နည်း။

လူတယောက်ကို နွားလက်ဝဲတက်က နေစေ၍။ နွားကျောနှင့် ညီအောင်နွားခေါင်းကိုကိုင်၍ မြှောက်ထားစေရမည်။ ဆေးတိုက်မည့်သူကလက်ျာဘက်ကရပ်လျက်။ လက်ဝဲလက်ညှိုးနှင့် လက်လယ်ကိုနွားလက်ျာပါးစောင်ထဲသို့သွင်း၍။ ခါးတွင်းပေါက်သည့်ကတော့ကဲ့သို့ရှိနေစေရန်နှုတ်ခမ်းနှင့်ပါးကို ဖြည်းဖြည်းဆွဲ၍ထုတ်ရမည်။ ၎င်းနောက်ဆေးပုလင်းကိုလက်ျာဘက်လက်နှင့်ကိုင်လျက်ဖြဲထားသောပါးစောင်ထဲသို့ဆေးပုလင်းဝကို ဝင်အောင်သွင်းပြီးနောက်။ တခါမျိုနိုင်တန်ရုံ။ မျိုနိုင်တန်ရုံချင့်ချိန်၍ခြားကာ ခြားကာလောင်းထည့်သဖြင့်။ တဖြည်းဖြည်းကုန်သည်တိုင်အောင်တိုက်နိုင်သည်။

အထူးသဖြင့်လည်ချောင်းနာဖြစ်သည့် တိရစ္ဆာန်များဖြစ်သည့်အချက်တွင်။ ဆေးကိုတခါတိုက်လျှင်အနည်းငယ်စီအစဉ်သတိပြု၍တိုက်ရမည်။ ချောင်းဆိုးလျှင်ဖြစ်စေ။ ချောင်းဆိုးမည့် လက္ခဏာအရိပ်အယောင်ပေါ်လျှင်ဖြစ်စေ။ ၎င်း၍အလွယ်တကူချောင်းဆိုးရမှ အသက်ရှူရာလေပေါက်ထဲသို့ဆေးအဝင်မမှားနိုင်မည်ဖြစ်၍။ သို့အသက်ရှူလွယ်အောင်ကိုင်ထားသူက ခေါင်းကိုချက်ခြင်းလွှတ်လိုက်ရမည်။ ချောင်းဆိုးလိုသည့် လက္ခဏာအရိပ်အယောင်ပေါ်လျှင် ပေါ်ခြင်း ခေါင်းကိုမလွှတ်လိုက်လျှင်။ အသက်ရှူရာလေပေါက်ထဲသို့ဆေးအဝင်မှား၍သေတတ်သည်။

ဆေးရည်ကိုတိုက်သည့်အခါ။ အင်္ဂလိပ်ပိုင်အရက်ပုလင်းပုံသဏ္ဌာန်ရှိသေတ္တာပုလင်းနှင့်ထည့်၍တိုက်လျှင်။ အကောင်းဆုံးဖြစ်သည်။ အခေါင်းပေါက်ဝါးလုံးကိုလည်း။ ၎င်းပုလင်းအစားအသုံးပြုနိုင်သည်။

ပိုင်အရက်ထည့်သည့် ပုလင်းရိုးရိုးကို အသုံးပြုနိုင် သော်လည်း။ ကိုက်၍ကွဲမည်ကိုသတိပြုရလိမ့်မည်။

SOAS LIBRARY

G. B. C. P. O.—No. 21, D. of A., 30-9-1914—25,000.